မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၃၂)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် နေထိုင်လာခဲ့ကြသည်

ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ အပြန်အလှန် အမှီသဟဲ ပြုမှု၊ သည်းခံခွင့်လွှတ်မှု၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ဟူသော မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်ကို အခြေခံလျက် သုခ၊ ဒုက္ခ ဟူသမျှကို မျှဝေခံစားရင်း ပေါင်းစည်း ရောယှက် နေထိုင်လာခဲ့ကြသည်မှာ သမိုင်းဦး အစကာလ မှသည် ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါစေတီတော် တည်ထားမည့် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများနှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်း ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြား ရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥပ္ပါတသန္တိ စေတီတော် ဗဟိုအုတ်မြစ်တော်ဌာန၌ ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကျောက်ပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ပတ္တမြားရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်တို့ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြု

(၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး၌ ဖေဖော်ဝါရီလ ၆ရက်နေ့မှ ၉ရက်နေ့အထိ ကျင်းပလျက် ရှိသည်။

နှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးနှင့်သက်ဆိုင်သည့် စာတမ်းများ၊ ပိုစတာများနှင့် ဆေးပညာရပ်များအပြင် ဆေးဝန်ထမ်းတပ်ဖွဲ့ရှိ ပါရဂူကြီးများ၊ အရှေ့တောင်အာရှရှိ အထင်ကရ ဆေးရုံကြီးများနှင့် ဆေးတက္ကသိုလ်များမှ ပါရဂူကြီးများက အသိအမြင် အတွေ့အကြုံများ နှီးနှောဖလှယ် ဆွေးနွေးလျက်ရှိကြသည်။

ဆေးပညာ ပြောင်းလဲတိုးတက်မှုများနှင့် စပ်လျဉ်း၍ နယ်ပယ်ကဏ္ဍအသီးသီးရှိ သုတေသီများ နှစ်စဉ် ဆွေးနွေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆေးသုတေသနလုပ်ငန်းအတွက် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိစေမည် ဖြစ်သည်။

ဆေးဝန်ထမ်းတပ်ဖွဲ့ကို ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်ရာတွင် ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါကာကွယ် နှိမ်နင်းရေးနှင့် ကျန်းမာရေးမြှင့်တင်မှုကဏ္ဍများပါ ဖွံ့ဖြိုး တိုးတက်လာအောင် အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ကုသရေးလုပ်ငန်းတွင် ခေတ်မီနည်းပညာအကူအညီဖြင့် ရောဂါရှာဖွေစစ်ဆေးကုသမှုများ ပေးလျက်ရှိသည်။ လေ့ကျင့်ရေးတွင်လည်း ဆေးပညာဆိုင်ရာ၊ သူနာပြုဆိုင်ရာ၊ ဆေးဘက်ပညာဆိုင်ရာများ၌ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ကိုပါ ဆည်းပူးခွင့်ပေးလျက်ရှိသည်။ထို့ပြင် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက်လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိသည်။

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲက ရရှိလာသည့် အကျိုးရလဒ်များကို လက်တွေ့ကုသရေး၊ လေ့ကျင့်ရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပြန်လည် အသုံးချခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် များစွာအထောက်အကူ ဖြစ်ထွန်းစေမည် ဖြစ်သည်။

နိုင်ငံတော်က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိရာ ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲများသည် ရောဂါများ ကြိုတင်တားဆီးကာကွယ်နိုင်ရေး လုပ်ငန်းများတွင် များစွာအထောက်အကူရလျက် ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၉-၂-၂၀၀၇ (သောကြာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ မိဘကျေးဇူး အကျေဆပ်နည်း တရားတော် (အရှင်အာစာရ လင်္ကာရဆရာတော်) (အပိုင်း-၂)
၇း၄၀ Myanmar Video Rhythm
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ်အကြောင်း မေးမြန်းခန်း (ဒေါက်တာခင်မောင်လွင်)
၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ Business Talk (ပြင်ဦးလွင်မြို့ အကြောင်း သိကောင်းစရာ) (ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့်)
၁၀း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုးတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁၀း၃၅ မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ ပညာအလှူ ပေးဝေလှူမယ် "ဆုကြီးပန်တောင်ပေါ်ဝယ်"
၁၀း၅၀ တေးဂီတအစီအစဉ်
၁၀း၅၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ သီးနှံစိုက်ပျိုး အထွက်တိုး "ခြံစည်းရိုးကြက်ဆူပင်"
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ ချင်းရိုးရာဝတ်စားဆင်ယင်မှု
၁၁း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ လှပသစ်ဆန်း အလှပြင်ခန်း (လီလီအလှပြင်ခန်း)
၁၂း၁၅ တေးဂီတအစီအစဉ်
၁၂း၂၀ စွယ်တော်လေးဆူ ဆုပန်ယူ
၁၂း၄၀ တေးဂီတအစီအစဉ်
၁၂း၄၅ ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်အရှေ့ရန်ကင်း ရန်အောင်လမ်းသွယ် (၂) တိုက် ၂၉၅ အခန်း (၅)နေ ဇီဝိတဒါန သံဃာ့ဆေးရုံ နာယက ဦးရဲထွန်း-ဒေါ်ခင်မာမာမိသားစုက ဦးရဲထွန်း(၈၅)နှစ်မွေးနေ့ အထိမ်းအမှတ်အဖြစ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ထွေပအေသာပင်အတွက် ငွေကျပ်ငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-5 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်လက်မှတ်ရေးထိုးချုပ်ဆို

နေပြည်တော် ဖေဖော်ဝါရီ ၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗြိတိသျှ ဗားဂျင်းကျွန်း၌ ဖွဲ့စည်း တည်ထောင်ထားသော Rimbunan Petrogas Limited နှင့် စင်ကာပူသမ္မတနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်ထားသော IGE Pte. Ltd.တို့သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-5၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို ဖေဖော်ဝါရီ ၆ရက် ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ် ရေးထိုး ချုပ်ဆိုကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်း Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King **ထံ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ပေးအပ်စဉ်။**
(သတင်းစဉ်)

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၊ Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King၊ IGE Pte. Ltd. Managing Director ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့် အမှာစကား ပြောကြားပြီး Rimbunan Petrogas Limited, Chief Executive Officer, Mr. Andrew Ngu Hew Tak နှင့် မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က နှုတ်ခွန်း ဆက်စကား အသီးသီး ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ Rimbunan Petrogas Limited Executive Chairman, Tan Sri Datuk Tiong Hiew King၊ IGE Pte. Ltd, Managing Director, ဦးဝင်းကြိုင်နှင့် အသိသက်သေများ အဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ Rimbunan Petrogas Limited, Executive Director, Mr. Tiong Hock Chai၊ IGE Pte. Ltd, Deputy Managing Director, ဦးသန်းဝင်းဆွေတို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

လက်ခံ

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်ကို ပေးအပ်ရာ Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King ကလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ကို ပေးအပ်ရာ Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King က လည်းကောင်း လက်ခံကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းလက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-5အတွင်းရေနံနှင့်သဘာဝ ဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစား ရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်သွားရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိ ဝိသုံဂါမရွှေသိမ်တော်နှင့် သာသနိကအဆောက်အအုံခြောက်ခု ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဥပ္ပါတသန္တိဝိသုံဂါမ ရွှေသိမ်တော်နှင့် သာသနိကအဆောက်အအုံခြောက်ခုတို့၏ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဥပ္ပါတသန္တိဝိသုံဂါမ ရွှေသိမ်တော်၏ ရတနာရွှေကြုတ်တော်ကို ဆရာတော်ထံ ဆက်ကပ်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဥပ္ပါတသန္တိဝိသုံဂါမရွှေသိမ်တော်နှင့် သာသနိကအဆောက်အအုံခြောက်ခုတို့၏ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ၄ ရက် နံနက် ၆ နာရီ မိနစ် ၅၀ တွင် အဆိုပါ စေတီတော်တည်ထားမည့် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညို၍ ရွှေကြုတ်တော်နှင့် ရတနာအုတ်မြစ်တော်တို့ကို ထည့်သွင်းလှူဒါန်းပူဇော်သည်။

တက်ရောက်

အခမ်းအနားသို့ တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသည့် သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်ချုပ်တင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဘုရားကန်တော့ဖွင့်လှစ်

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ နှင့် ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဥပ္ပါတသန္တိဝိသုံဂါမရွှေသိမ်တော်၏ ရတနာကြုတ်တော်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က မော်ကွန်းကမ္ပည်း ကျောက်စာတော်ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က မော်ကွန်းကမ္ပည်းအဖုံးကျောက်စာတော်ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရတနာအုတ်မြစ်တော်များကို လည်းကောင်း သံဃာတော်များထံဆက်ကပ်ကြသည်။

ထို့နောက် ငွေဆင်ကုမ္ပဏီမှဒါရိုက်တာ ဦးမျိုးမင်းစိုးက စေတိယပါလစံကျောင်းတော်အတွက် ရတနာကြုတ်တော်နှင့် ရတနာအုတ်မြစ်တော်တို့ကို လည်းကောင်း၊ အေစီအီးကုမ္ပဏီ ဥက္ကဋ္ဌ ဦးတင့်ဆန်းက သံဃာရာမ ပထမကျောင်းဆောင်၊ ကမ္ဘောဇဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က သံဃာရာမ ဒုတိယကျောင်းဆောင်၊ အေရှားဝေါလ်ကုမ္ပဏီမှ ဦးမောင်ကျေးက သံဃာရာမတတိယကျောင်းဆောင်၊ ဇေဒင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က သံဃာရာမစတုတ္ထကျောင်းဆောင်နှင့် ထူးထရေးဒင်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတေဇက သာသနာ့မဟာဗိမာန်တော်တို့အတွက် ရတနာကြုတ်တော်နှင့်ရတနာအုတ်မြစ်တော်များကိုလည်းကောင်း သံဃာတော်များထံ ဆက်ကပ်ကြသည်။

ပရိတ်တရားတော်များရွတ်ပွား

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်နိဒါန်းမှစ၍ မေတ္တသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ယူဆောင်၍ သာသနိက အဆောက်အအုံ များ၏ ဝတ္ထုကံများ၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သာသနိကအဆောက်အအုံအလှူရှင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်

ဆက်လက်၍ ဥပါသကာများက ရတနာအုတ်မြစ်တော်များ၊ မော်ကွန်းကမ္ပည်း ကျောက်စာတော်များနှင့် ရတနာကြုတ်တော်များကို သက်ဆိုင်ရာ သာသနိကအဆောက်အအုံ အသီးသီးသို့ ပင့်ဆောင်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းတည်ဆောက်မည့် ဥပ္ပါတသန္တိဝိသုံဂါမရွှေသိမ်တော် သီမာသမ္မုဟနန သိမ်နုတ်ကံဆောင်အောင်ပွဲ မင်္ဂလာအခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ပရိသတ်များ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဥပ္ပါတသန္တိဝိသုံဂါမရွှေသိမ်တော် သီမာသမ္မုဟနန သိမ်နုတ်ကံဆောင်အောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းတည်ဆောက်မည့် ဥပ္ပါတသန္တိဝိသုံဂါမရွှေသိမ်တော် သီမာသမ္မုဟနန သိမ်နုတ်ကံဆောင်အောင်ပွဲ မင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူဆရာတော်အမှူးပြုသည့် ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားမှူး သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရက ဇေယျမင်္ဂလာ အောင်သြဘာစာတမ်းလွှာကိုဖတ်ကြားပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနားအောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးရွာသွန်းကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုတာ ကားအရောင်းပြခန်း တစ်ခုကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ခုနှစ်အတွင်း တရုတ်၌ မိုဘိုင်းလ်ဖုန်း သန်း၁၂၀ရောင်းချခဲ့

ပေကျင်း ဖေဖော်ဝါရီ ၈

တရုတ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၀၆ခုနှစ်အတွင်း မိုဘိုင်းလ်ဖုန်းအလုံး သန်း၁၂၀ ရောင်းချနိုင်ခဲ့ရာ နှစ်ချင်းအလိုက် မြင့်တက်မှု ၄၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း တရုတ်မိုဘိုင်းလ်ဆက်သွယ်ရေးအဖွဲ့ ဒုတိယအကြီးအကဲ ဇီလန်ရှန်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး မိုဘိုင်းလ်ဖုန်းဈေးကွက်တွင်ပါဝင်လာမည်ဖြစ်ကြောင်း၊ ယခုနှစ် အတွင်း မိုဘိုင်းလ်ဖုန်းအလုံး သန်း ၁၅၀ ရောင်းချမည်ဖြစ်ပြီး ၂၅ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း ဇီကပြောကြားသည်။

တင်ပို့

၂၀၀၆ ခုနှစ်အတွင်းက မိုဘိုင်းလ်ဖုန်းအလုံး သန်း ၄၅၀ ထုတ်လုပ်ခဲ့ကာ မိုဘိုင်းလ်ဖုန်းအလုံး သန်း ၃၅၀ အား ပြည်ပသို့ တင်ပို့ခဲ့သည်။

ယမန်နှစ်က ကမ္ဘာနှင့်အဝန်း ဆက်သွယ်နိုင်သည့် မိုဘိုင်းလ်ဖုန်း ရောင်းချမှုမှာ ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စုစုပေါင်း ပြည်ပသို့တင်ပို့မှုမှာ ဖုန်းအလုံး တစ်ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ကမ္ဘာနှင့်အဝန်းသို့ ရောင်းချရမှု ၂၀ရာခိုင်နှုန်း မြင့်တက်ရန် မျှော်မှန်းကြောင်း ဇီက ပြောကြားသည်။

တရုတ်နိုင်ငံအတွင်း မိုဘိုင်းလ်ဖုန်းအသုံးပြုသူများသည် ပျမ်းမျှအားဖြင့် ၂၁ လတွင် မိုဘိုင်းလ်ဖုန်း သစ်တစ်လုံး ဝယ်ယူလေ့ရှိကြောင်း ဇီက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် တရုတ်နှစ်သစ်ကူးပွဲတော်အတွက် မီးပုံးများ သယ်ဆောင်လာသူတစ်ဦးကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေးတွင် အမေရိကန် မအောင်မြင် ပြင်သစ်ဝန်ကြီးချုပ် ဒိုမိနစ်ဒီဗီကာက်ပီ ပြောကြား

ပါရီ ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံသည် အီရတ်အရေးတွင် မအောင်မြင်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အီရန်အရေးဖြေရှင်းရန် စိတ်ကူးစိတ်သန်းလိုနေသည်ဟု ထင်မြင်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဒိုမိနစ်ဒီဗီကာက်ပီက တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

ဝန်ကြီးချုပ် ဒီဗီကာက်ပီက ဖိုင်နင့်ရှယ်တိုင်းမ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်ဟု သတင်းစာက ဖေဖော်ဝါရီ ၆ ရက်တွင် ဖော်ပြလိုက်သည်။

သတ်မှတ်ရမည်

အီရတ်နိုင်ငံအတွင်း မတည်မငြိမ်ဖြစ်မှု၏ အကြောင်းရင်းကို ရှာကြံဖြေရှင်းမည်ဆိုလျှင် အမေရိကန်နိုင်ငံအနေဖြင့် အီရတ်မှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး နေ့ရက် သတ်မှတ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဖြေရှာရန်လို

အမေရိကန်နိုင်ငံသည် အီရတ်တွင် မအောင်မြင်ကြောင်း၊ ၂၀၀၃ ခုနှစ် နောက်ပိုင်း အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀ ကျော် သေဆုံးပြီး ၂၀၀၆ ခုနှစ်တွင် အီရတ်အရပ်သား ၁၂၀၀၀ သေဆုံးကြောင်း၊ အရပ်သား ရာပေါင်းများစွာ သေဆုံးရမှုများနှင့်အတူ မကြာမီရက်များအတွင်းက သွေးထွက်သံယို တိုက်ခိုက်မှုများကို မြင်တွေ့နေရကြောင်း၊ ယခုအခါ တဖြည်းဖြည်း ဆိုးရွားလာသည့် အခြေအနေရပ်ဆိုင်းသွားစေရန် မည်သို့ဆောင်ရွက်ရမည်ကို အဖြေရှာရန် လိုကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

လန်ဒန် ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံ ဘာဆရာမြို့တွင် ဖေဖော်ဝါရီ ၅ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါ တပ်ဖွဲ့ဝင်မှာ ၂၀၀၃ ခုနှစ် မတ်လမှစ၍ အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံသို့ ကျူးကျော် ဝင်ရောက်ချိန်မှစ၍ သေဆုံးခဲ့သည့် ဗြိတိသျှ တပ်ဖွဲ့ဝင်များတွင် ၁၀၀ မြောက်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်တောင်ပိုင်း အယ်လ်အက်စ်ရှာ ပြည်နယ်တွင် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ပုံမှန်ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူအချို့လည်း ဒဏ်ရာ ရရှိသွားခဲ့သည်။

သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်၏ အမည်ကို ယခုအချိန်ထိ ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ် ရထားတွဲပေါင်း ၁၀၀ ကမ္ဘောဒီးယားသို့ တင်ပို့မည်

ဟနွိုင်း ဖေဖော်ဝါရီ ၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ရထားအတွဲ ၁၀၀ ပထမဆုံးအကြိမ်အဖြစ် တင်ပို့သွားမည်ဖြစ်ကြောင်း ဒေသထုတ် သတင်းစာ ဆေးဂုံလစ်ဘရေးရှင်းက ဖေဖော်ဝါရီ ၅ရက်တွင် ဖော်ပြသည်။

ဖော်ပြ

ဗီယက်နမ်နိုင်ငံပိုင် မီးရထားကော်ပိုရေးရှင်းက ၂၀၀၇ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ မီးရထားတွဲ ၆၀ နှင့် အခြားဆက်စပ်ပစ္စည်း ကုန်သေတ္တာ အလုံးပေါင်း ၄၀ ကို တင်ပို့သွားမည်ဖြစ်ကြောင်း၊ ထိုအတောအတွင်း ဗီယက်နမ်က ဂျာမနီမှ မီးရထားစက်ခေါင်း ၁၆ လုံးဝယ်ယူပြီး ခေတ်မီ မီးရထားစက်ခေါင်းများအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း ၎င်း သတင်းစာက ဆက်လက်ဖော်ပြသည်။

ပြီးစီးမည်

ယင်းကဲ့သို့ ခေတ်မီ မီးရထားခေါင်းတွဲများ ဗီယက်နမ်နိုင်ငံက တည်ဆောက်ရာတွင် တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အခြေစိုက် ဇီယန်း ဒီဇယ်မီးရထားလုပ်ငန်းက ဒီဇိုင်းနှင့်လိုအပ်သော နည်းပညာကို ကူညီပေးမည်ဖြစ်ကြောင်း၊ မိမိတို့သည် ၂၀၀၇ခုနှစ် အကုန်တွင်ဒေါ်လာ ၇၂၀၀၀၀တန်ဖိုးရှိ ဒီဇယ်မီးရထား စက်ခေါင်းအလုံး ၂၀တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း၊ ဗီယက်နမ် မီးရထားကော်ပိုရေးရှင်းအောက်ရှိ ဂီယာလမ် မီးရထားကုမ္ပဏီ ညွှန်ကြားရေးမှူး ထရမ်ဗန်မင့်က ဆင်ဟွာသို့ မကြာမီက ပြောကြားခဲ့သည်။

အသုံးပြု

အဆိုပါ မီးရထားစက်ခေါင်းများသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ နှုန်း ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်း၊ ယင်းမှာ ဗီယက်နမ်နိုင်ငံတွင် အမြန်ဆုံးရထားဖြစ်ကြောင်း၊ ယင်းမီးရထားစက်ခေါင်းများကို ဗီယက်နမ်တောင်ပိုင်းနှင့်မြောက်ပိုင်း ခုတ်မောင်းပြေးဆွဲရာတွင် အသုံးပြုမည်ဖြစ်ကြောင်း၊ ၎င်းစက်ခေါင်းများသည် မြင်းကောင်ရေအား ၁၉၀၀ ရှိကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တိမ်းမှောက်

အီတလီနိုင်ငံ ဖယ်ရာရာမြို့နှင့် ဘိုလောင်နာမြို့အကြားရှိ အဝေးပြေးလမ်းပေါ်တွင် ရှုရှားခရီးသွားဧည့်သည်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး တိမ်းမှောက်နေသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့တန်းကျော်ပြေးချန်ပီယံ၏ ရှူးဖိနပ် လေလံပွဲ၌ ဒေါ်လာ ၂၅၇၇၀ ရရှိခဲ့

ပေကျင်း ဖေဖော်ဝါရီ ၈

အိုလံပစ်အပြေးချန်ပီယံ လျူကျင်း၏ ဆူးချွန်များပါရှိသော ရှူးဖိနပ်တစ်စုံကို ပြီးခဲ့သည့် သီတင်းပတ်ကုန်က ပေကျင်းမြို့တွင် လေလံတင် ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၂၅၇၇၀ ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ရှူးဖိနပ်၌ မီတာ ၁၁၀ တန်းကျော်ပြေး ကမ္ဘာ့စံချိန်ရှင်လျူကျင်းကအမှတ်တရလက်မှတ်ရေးထိုးပေးထားသည်။ လျူကျင်းသည် လာမည့်နှစ်၌ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ၂၀၀၈ပေကျင်း အိုလံပစ်၌လည်း ရွှေတံဆိပ်ရယူရန် မျှော်မှန်းနေသူဖြစ်သည်။

ရောင်းချ

ထို့အတူ ကမ္ဘာ့ ဒိုင်ဗင်ထိုး သုံးထပ်ကွမ်း ချန်ပီယံကျောင်နီကလည်း ၎င်း၏ ရွှေတံဆိပ်တစ်ခုကို ရုပ်မြင်သံ ကြား၌ ၁၇ နာရီကြာ လေလံတင် ရောင်းချခဲ့ရာ ယွမ်ငွေ ၃ ဒသမ ၃၉ သန်း ရရှိခဲ့သည်။

လှူဒါန်း

အဆိုပါ ရောင်းချ၍ရသော ငွေကြေးများအား ကလေးငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအတွက် ၎င်းတို့က လှူဒါန်းမည်ဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

နေပြည်တော်၌တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီမဟာမင်္ဂလာအခမ်းအနားအကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝတ်ရွတ်ပူဇော်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားအကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီက စေတီတော်တည်ထားမည့် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်ချုပ်တင်ထွန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ သာသနာရေးဝန်ကြီးဌာန ဝတ်အသင်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အခမ်းအနားမှူး ဦးသူရက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့် ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့က ပဋ္ဌာန်းကျမ်းစာအုပ်များနှင့် ပဋ္ဌာန်းအောင်အိုးများကို ဆရာတော်၊ သံဃာတော်တို့ထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များဦးဆောင်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြပြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အလှည့်ကျ ပဋ္ဌာန ဘာဏက သံဃာတော်က ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီခွဲက အဆိုပါ မင်္ဂလာမဏ္ဍပ်၌ကျင်းပပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားအကြို အသံမစဲ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးသည်။

အလားတူ ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားအကြို ဝတ်ရွတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား အကြို အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲတွင် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြစဉ်။ (သတင်းစဉ်)

အဆိုပါ စေတီတော်ရင်ပြင်ရှိ ဓမ္မပူဇာမဏ္ဍပ်၌ကျင်းပရာ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ ပျဉ်းမနား တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်များမှ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

ထို့နောက် ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် တည်ဆောက်မည့်နေရာ၌ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ စေတိယပါလစံကျောင်းတော်၊ သံဃာရာမကျောင်းဆောင် လေးဆောင်နှင့် သာသနာ့မဟာဗိမာန်တော်တို့၌အလှူရှင်များက နေရာယူကြသည်။

ဖတ်ကြားပူဇော်

ဆက်လက်၍ အခမ်းအနားမှူးက ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခါတော်ကြား စာတမ်းနှင့် မော်ကွန်းကမ္ပည်းစာတမ်းတို့ကို ဖတ်ကြားပူဇော်သည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၇ နာရီ ၄၇ မိနစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော်အတွက် ရတနာကြုတ်တော်ကို ထည့်သွင်းပူဇော်သည်။

ထည့်သွင်းပူဇော်

တစ်ပြိုင်တည်းမှာပင် စေတိယပါလ စံကျောင်းတော်အတွက် ဦးမျိုးမင်းစိုး၊ သံဃာရာမ ပထမကျောင်းဆောင်အတွက် ဦးတင့်ဆန်း၊ သံဃာရာမ ဒုတိယကျောင်းဆောင်အတွက် ဦးမိုးဆန်းအောင်၊ သံဃာရာမ တတိယကျောင်းဆောင်အတွက် ဦးမောင်ကျေး၊ သံဃာရာမ စတုတ္ထကျောင်းဆောင်အတွက် ဦးချစ်ခိုင်နှင့် သာသနာ့ မဟာဗိမာန်တော်အတွက် ဦးတေဇတို့က ရတနာကြုတ်တော်များကို ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်၍ မော်ကွန်းကမ္ပည်းကျောက်စာတော်များနှင့် မော်ကွန်းကမ္ပည်းအဖုံး ကျောက်စာတော်များကို စီသွင်းလှူဒါန်းကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ထို့နောက် ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော်အတွက် ရတနာ အုတ်မြစ်တော်များ စီသွင်းလှူဒါန်းကြရာ အရှေ့အရပ်၌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က စိန်ရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊ အရှေ့တောင်ထောင့်အရပ်၌ ဗိုလ်ချုပ်တင်ထွန်းက ပုလဲရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊ တောင်အရပ်၌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ကြောင်မျက်ရွဲ ရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကိုလည်းကောင်း၊ အနောက်တောင်ထောင့်အရပ်၌ ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဂေါမုတ်ရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊ အနောက်အရပ်၌ ဗိုလ်ချုပ်သန်းဌေးက မြရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊ အနောက်မြောက်ထောင့် အရပ်၌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ဥဿဖရား ရတနာ စီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊ မြောက်အရပ်၌ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နီလာရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊ အရှေ့မြောက်ထောင့်အရပ်၌ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက သန္တာရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း လက်ယာရစ်အစီအစဉ်တကျ စီသွင်းလှူဒါန်းကြပြီး အင်္ဂတေများလောင်းထည့်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

အလားတူ သာသနိကအဆောက်အအုံများဖြစ်သည့် စေတိယပါလစံကျောင်းတော်၊ သံဃာရာမ ကျောင်းဆောင် လေးဆောင်နှင့် သာသနာ့မဟာဗိမာန်တော်တို့အတွက် ရတနာအုတ်မြစ်တော်များကို သက်ဆိုင်ရာ သာသနိက အဆောက်အအုံ အလှူရှင်များက တစ်ပြိုင်တည်း စီသွင်းလှူဒါန်းကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်ကြသည်။

ယင်းနောက် သံဃာတော်များ ဦးဆောင်၍ ပရိသတ်တို့က 'ဇယန္တော' အစချီသော ဇယမင်္ဂလာ အောင်ဂါထာကို ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး ဦးသူရက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဦးဆောင်၍ အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဥပ္ပါတသန္တိဝိသုံဂါမ ရွှေသိမ်တော် အုတ်မြစ်တော်ဌာနအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော် စီသွင်းလှူဒါန်းပြီးသော စေတိယပါလစံကျောင်းတော်၊ သံဃာရာမကျောင်းဆောင် လေးဆောင်နှင့် သာသနာ့မဟာဗိမာန်တော် တည်ဆောက်မည့် နေရာများသို့ လှည့်လည်သွားရောက်၍ ရတနာအုတ်မြစ်တော်စီထားသည့် နေရာများကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

တည်ဆောက်

ဥပ္ပါတသန္တိဝိသုံဂါမ ရွှေသိမ်တော်ကို ၇၅ ပေ ပတ်လည်ရှိ အဆောက်အအုံအဖြစ်လည်းကောင်း၊ စေတိယပါလစံကျောင်းတော်ကို ၁၁၇ ပေ x ပေ ၅၀ ရှိ အဆောက်အအုံအဖြစ်လည်းကောင်း၊ သံဃာရာမကျောင်းဆောင်များကို ၄၅၆ ပေ x ပေ ၉၀ ရှိ အဆောက်အအုံများအဖြစ်လည်းကောင်း၊ သာသနာ့မဟာဗိမာန်တော်ကို ပေ ၄၃၀ x ပေ ၁၇၀ ရှိ အဆောက်အအုံအဖြစ် လည်းကောင်း တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၉-၂-၂၀၀၇ ရက်

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"** (အပိုင်း-၆)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** (အပိုင်း-၅)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း လန်းဆန်းမွှေးကြိုင်သည့် ပြည်ထောင်စုဥယျာဉ်ကြီး

ဇာတိချက်ကြွေ၊ မြန်မာ့မြေ၌
ညို၊ ရွှေ၊ ဖြူ၊ ဝါ၊ စိမ်း၊ နီ၊ ပြာ၊ လွင်
ရောင်မျိုးဆင်လျက်၊ နွယ်ပင်ပန်းချုံ
ပွင့်မျိုးစုံ၍၊ သင်းထုံဝေလွင်
ပန်းဥယျာဉ်နှယ်၊ ရင်ဝယ်ခံစား
သွေးချင်းများတို့၊ ကယား၊ ကချင်
ကရင်နှင့်ရှမ်း၊ ရောပြွမ်းနေကြ
'ဝ' နှင့်ပလောင်၊ ပဒေါင်၊ အခါ
ချင်း၊ ဗမာနွဲ့၊ ဂျိမ်းဖောတွဲလျက်
ယင်းနက် လားဟူ၊ ဘယ်သူခွဲမရ
နာဂ၊ ရခိုင်၊ အချစ်ပြိုင်တူ၊ လီဆူး၊ ခမ္မီး
မရမာကြီးတဲ့၊ တစ်နည်းပအိုဝ်း
မွန်တို့ပါဝင်၊ ရေတွက်လျှင်သော်
တစ်ရာကျော်သွား၊ သွေးချင်းများတွေ
စုစည်းနေတဲ့၊ ဒို့မြေပြည်ထောင်စု
ထည်ဝါမှုကား...၊ ဘယ်ဥယျာဉ်မှ၊ ယှဉ်မရအောင်
လှပဖူးပွင့်၊ သင်းထုံဝင့်လျက်...။ ။

မြန်မာ့မြေသည် တိုင်းရင်းသားစုံ သွေးချင်းသားချင်းတို့၏မြေ၊ မြန်မာ့သမိုင်းသည် တစ်မြေပေါ် အတူဖွား၊ တိုင်းရင်းသားစုံ၏သမိုင်း၊ မြန်မာနိုင်ငံသည် သွေးချင်းသားချင်း တိုင်းရင်းသား လူမျိုးအားလုံး ရှေးအထက်ကျော်ကာရီ ပဝေသဏီကပင် မရှိအတူ၊ ရှိအတူ၊ အေးအတူ ပူအမျှ၊ အတူတကွယှဉ်တွဲ ဥမကွဲသိုက်မပျက် အစဉ်အဆက်နေခဲ့ကြသော နိုင်ငံမိသားစုကြီး၏ ပြည်ထောင်စုပင် ဖြစ်သည်။

ဥယျာဉ်ဟူသောဝေါဟာရသည် ဥ+ယျာနမော်ကြည့်၍ သွားအပ်သော နေရာပင်ဖြစ်သည်။ မြေကပ်ပန်း၊ သစ်ကပ်ပန်း၊ ပင်ထောင်ပန်း၊ ချုံရုံပန်း၊ နွယ်ပန်း၊ ပင်စောက်ပန်း၊ ပင်မြင့်ပန်းတို့ ဖူးငုံပွင့်ရာ နေရာဖြစ်၍ ထိုဥယျာဉ်အနီး ဖြတ်လျှောက်သူ၊ ဥယျာဉ်အတွင်း ဝင်လျှောက်သူတို့ လှပသင်းထုံ ပန်းမျိုးစုံ တချို့ဖူး၊ တချို့ငုံ၊ တချို့ပွင့်နေပုံကို မော်ကြည့်၍ ရင်သပ်ရှုမော ဖြစ်ကြမြဲပေတည်း။ ဥယျာဉ်၌ ပွင့်သောပန်းသည် မွှေးရန့် မျိုးစုံ သင်းသည်၊ ထုံသည်၊ လှိုင်သည်၊ ပွင့်ချပ်၊ ပွင့်ဖတ်သဏ္ဌာန်စုံစွာ လှပသည်။ အရောင်အားဖြင့် ဖြူသည်၊ ညိုသည်၊ နီသည်၊ ဝါသည်၊ ပြာသည်၊ စိမ်းသည်၊ အရောင်နုသည်၊ အရောင်ရင့်သည်၊ အရောင်စပ်ကြားရောင်စုံထွေပြား၍ မျက်စိပသာဒ ဖြစ်စေသည်။ ဤသို့ဖြင့် ဥယျာဉ်ကြီး တစ်ခုသည် စက္ခုအာရုံ၊ ဂန္ဓာရုံတို့၌ ဂုဏ်မြောက်လှပေသည်။

မြန်မာပြည်ထောင်စုကြီးကို ကြည့်ဘိဦး။ ပန်းမျိုးတစ်ရာကျော် စုဝေးဖူးပွင့်သစ်လွင်နေသကဲ့သို့ ရိုးရာရောင်စုံ၊ အဆင်အသွေးစုံ၊ ပုံစံစုံ ဝတ်ဆင်ကာ ယဉ်ချင်တိုင်းယဉ်၊ လှချင်တိုင်းလှနေသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ နာဂ၊ ရဝမ်၊ ဂျိမ်းဖော၊ 'ဝ'၊ ပလောင်၊ လီဆူး၊ အခါ၊ ဓနု၊ ပအိုဝ်း၊ ကယန်း၊ မြို (ခေါ်) ခမိ၊ တောင်ရိုး စသည့် သွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှု အသွင်များကား ဥယျာဉ်ကြီးတမျှ လှပစုံလင် ဂုဏ်တင်လောက်ပေသည်။

တက္ကသိုလ်မြတ်သူ

ဤမြေ၏သမိုင်းသည် ဤမြေ၏ သမီး သား-သွေးချင်းများ၏ သမိုင်းပင်ဖြစ်ပေသည်။ ဤမြေ၏ သက်တမ်းကို သုတေသီပညာရှင်တို့က ပုံတောင်ပုံညာဒေသမှ တူးဖော်တွေ့ရှိရသည့် လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို သက်သေပြု၍ ဤမြေနှင့် ဤမြေပေါ်၌ သက်ရှိများ ပေါက်ဖွားနေထိုင်မှု သက်တမ်းသည် နှစ်သန်းပေါင်း လေးဆယ်ရှိပြီဟု အဆုံးအဖြတ် တူညီစွာပြုကြသည်။ **ဤသို့ဖြင့် ကမ္ဘာ့လူသားအစ ပုံတောင်ပုံညာက သို့မဟုတ် လူသားအစ မြန်မာက၊ မြန်မာအစ ပုံတောင်ပုံညာက သို့မဟုတ် မြန်မာအစ နှစ်သန်းပေါင်းလေးဆယ်ကဟု ဇာတိပုညဂုဏ်မာန တံခွန်လွှင့်ထူနိုင်ခဲ့ကြသည်။ ဤသည်မှာ မြန်မာတို့၏ ဇာတိသမိုင်းပင်တည်း။**

လူသားတို့၏ အသိဉာဏ်စွမ်းပကားဖြင့် နေမှုထိုင်မှု၊ စားမှုသောက်မှု၊ ကိုယ်ခန္ဓာလုံအောင် ကာရံဝတ်ဆင်မှုများ တစ်စတစ်စ တိုးမြှင့်နိုင်ခဲ့ကြသည်။ အချင်းချင်း ဆက်သွယ်မှုအတွက် ဘာသာစကား၊ ဘာသာစာပေများ တီထွင်ဖန်တီးခဲ့ကြသည်။ သီဆိုခြင်း၊ ကခုန်ခြင်း၊ သဘာဝကို တုပ၍ ပုံဆွဲခြင်း၊ ပုံတူသွန်းထုခြင်း၊ စာရေးသားခြင်း၊ အဝတ်အစားမျိုးစုံ ရက်လုပ်လာခြင်း၊ မြေဂူအောင်းရာမှ တဲထိုးအိမ်ဆောက်၊ တိုက်တည်သည်အထိ တတ်မြောက်လာခြင်း၊ လူတို့ စီးနင်းရန်၊ ကုန်ပစ္စည်းသယ်ရန် ယာဉ်များဖန်တီးလာခြင်း စသည့်လူတို့နေထိုင်မှု အဆင့်အတန်းမြှင့်တင်ခြင်းကို အနောက်တိုင်းဘာသာဖြင့် Civilization ဟုခေါ်ပြီး မြန်မာတို့က ယဉ်ကျေးမှုဟုခေါ်သည်။ မြန်မာတို့သည် ကျောက်ခေတ်လောက်မှစ၍ ထိုသို့သော လူနေမှု ယဉ်ကျေးမှုများ မြေစမ်း ခရမ်းပျိုးခဲ့ကြသည်။

ပျူခေတ် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးတို့တွင် အဆို၊ အတီး၊ အကအနုပညာများ ဖြစ်တည်ထွန်းကားနေပေပြီ။ ပုဂံခေတ်၊ ပင်းယ၊အင်းဝ၊ စစ်ကိုင်း၊ ညောင်ရမ်း၊ တောင်ငူ (ဟံသာဝတီ)၊ ကုန်းဘောင် (ရတနာပုံ) ခေတ်များတွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာ နေထိုင်ကြရင်း စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းထိမ် စသော အနုပညာရပ်များ၊ တည်ဆောက်မှုဗိသုကာပညာရပ်များ မြင့်သည်ထက် မြင့်လာစေခဲ့သည်။ ဤသည်ကို အနောက်တိုင်း ဘာသာစကားက Culture မြန်မာတို့က ယဉ်ကျေးမှုဟုပင် ခေါ်တွင်ကြသည်။ မြန်မာတို့၏ သမိုင်းသည် တိုင်းရင်း သားစုံ၏ ယဉ်ကျေးမှု Civilization,Culture ဖန်တီး တည်ဆောက် မြှင့်တင်မှုသမိုင်းဟူ၍လည်း ဂုဏ်ယူနိုင်ပေသည်။

ပညာရှင်များက လူမျိုးစုဖွဲ့ဖြစ်တည်မှုကို သရုပ်ခွဲပြကြရာ၌ အသွင်သဏ္ဌာန် ဝတ်ဆင်မှုပုံစံ၊ နေထိုင်မှုစရိုက်၊ ဆက်သွယ်ဆက်ဆံမှု ဘာသာစကားတူညီသော မိဘ၊ သားသမီး၊ ညီအစ်ကို မောင်နှမတို့ တစ်မိုးအောက် (တစ်အိမ်တည်း)အတူနေကြသည်ကို မိသားစု (Family) ဟုဆိုသည်။ အမျိုးအစားချင်းတူ မိသားစုများ တစ်နေရာတည်း၌ စုစည်း နေထိုင်သည့်အခါ ဆွေမျိုးစု(Clan)များ ဖြစ်လာသည်။

အလားတူ ဆွေမျိုးစုများ ဟိုတစ်စု၊ သည်တစ်ခု ပြန့်ကျဲနေသည်ကို စုစည်းလိုက်သော လူမျိုးနွယ်စု (Tribe)များ ဖြစ်လာသည်။ လူမျိုးနွယ်စု တူရာမှန်သမျှ နီးနီးဝေးဝေး ရှိသမျှ စုစည်းလိုက်သည့်အခါ လူမျိုးစု (ဝါ)တိုင်းရင်းသားလူမျိုး(Nationality)ဟူ၍ ဖြစ်လာသည်။ အချို့က ထိုသို့ တိုင်းရင်းသားအဆင့်တွင် လူဦးရေနည်းပါးသည့်အခါ လူနည်းစု၊ လူမျိုးစု(Minority)ဟု ခေါ်ကြသည်။ တိုင်းရင်းသား လူမျိုးအားလုံးကို ပေါင်းစုလိုက်သောအခါ နိုင်ငံလုံးဆိုင်ရာ လူမျိုး (Nation) ဖြစ်လာသည်။ ပြည်ထောင်စု မြန်မာနိုင်ငံဖွား တိုင်းရင်းသား လူမျိုးအားလုံး၏ စုပေါင်း နာမည် (ဒဗ္ဗနာမ်)ကား (ဝါ) အမျိုးသား (နိုင်ငံလုံးဆိုင်ရာ လူမျိုး) Nation ၏ အမည်ကား 'မြန်မာ' ဖြစ်တော့သည်။

(၁) နယ်နိမိတ်(ပိုင်နက်နယ်မြေ)၊ (၂) ယင်းပိုင်နက် နယ်မြေပေါ်မှ နိုင်ငံသားများ၊ (၃) ယင်းနိုင်ငံသားတို့တွင် လွတ်လပ်စွာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သော အခွင့်အာဏာ (ဝါ) အချုပ်အခြာ အာဏာပိုင်စိုးမှု၊ (၄) နိုင်ငံနှင့် နိုင်ငံသားတို့၏ အရေးအရာကို ကောင်းစွာ စီမံခန့်ခွဲသော အစိုးရဟူ၍ အင်္ဂါရပ်လေးခုစလုံးနှင့်ညီလျှင် ကမ္ဘာ့အလယ်တွင် ထည်ထည် ဝါဝါ ရပ်တည်ဝင့်ကြွားနိုင်သော ဂုဏ်အင်လက္ခဏာများနှင့် ပြည့်စုံသည့် နိုင်ငံတော်တစ်ခု ဖြစ်လာပေသည်။

မြန်မာ့မြေသည် ဤအင်္ဂါရပ်လေးမျိုးနှင့် ကိုက်ညီသော နိုင်ငံဖြစ်သည်။ ဤမြေပေါ်၌ တစ်မြေပေါ်အတူဖွား (တစ်အူထုံ့ဆင်း) ညီရင်းအစ်ကို မောင်ရင်းနှမ တိုင်းရင်းသားစုံ သွေးသားရင်းချာများ မိသားစုသဖွယ် (ပြည်ထောင်စုသဖွယ်) အစဉ် ယှဉ်တွဲနေခဲ့ကြသည်။ ၁၈၈၅ခုနှစ် မြန်မာ့ အချုပ်အခြာအာဏာကို အနောက်တိုင်းသား နယ်ချဲ့သမား လုယူစိုးမိုးစဉ် တစ်လျှောက် သူ့ကျွန်မခံ ခုခံတွန်းလှန်တိုက်ခဲ့သမျှ၊ လွတ်လပ်ရေးကို ပြန်လည်တိုက်ယူခဲ့သမျှတွင် တိုင်းရင်းသားစုံ မျိုးချစ်၊ ပြည်ချစ်များ ပါဝင်လေသည်။

နယ်ချဲ့သမားတို့က တလုံးတစည်းတည်းသော အလောင်းဘုရား တည်ထောင်ခဲ့သည့် တတိယမြန်မာနိုင်ငံတော်ကို ၁၈၈၅ခုနှစ်တွင် သိမ်းယူခဲ့ပြီး ၁၉၄၈ခုနှစ်တွင် မလွဲမရှောင်သာ လွတ်လပ်ရေးပေးရတော့မည့်အခါ တောင်ပေါ် (တိုင်းရင်းသားစုံ) ဒေသများကို ဆက်လက် ကျွန်ပြုထားပြီး မြေပြန့်တည်းဟူသော ပြည်မကိုသာ ပိုင်းဆစ်၊ စိတ်ခွဲ၍ လွတ်လပ်ရေးပေးမည်ဟု ဆိုလာသည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ ပင်လုံညီလာခံ၌ တိုင်းရင်းသားစုံ ခေါင်းဆောင်များစုဝေးကာ မကွဲမပြား တစ်သားတည်း တစ်စုတစ်စည်းတည်းသော မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို တောင်းဆိုခဲ့ကြသည်။ ပင်လုံစည်းလုံးမှု၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံစွမ်းပကားကြောင့် နယ်ချဲ့တို့လက်မှ မြန်မာနိုင်ငံတော်တစ်ခုလုံး (မူလအရင်းအတိုင်း) ပြန်လည်ရယူ လွတ်လပ်ခဲ့သည်။ ညီနောင်တစ်စု ညီအောင်ပြုခဲ့သော ပင်လုံသန္နိဋ္ဌာန်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ထည်ထည် ဝါဝါ တည်ဆောက်နိုင်ခဲ့ကြသည်။

ပြည်တွင်း ပြည်ပ ပယောဂစုံ၊ ဂိုဏ်းဂဏဝါဒစုံတို့၏ လောဘစုံ၊ ဒေါသစုံ၊ မောဟစုံ၊ မာနစုံတို့ကြောင့် ဤပြည်ထောင်စု၊ ဤလွတ်လပ်ရေး ပြန်လည်ပြိုကွဲ လက်လွတ်ဆုံးရှုံးလုလု အခြေအနေများနှင့် အကြိမ်ကြိမ် ကြုံခဲ့ရသော်လည်း တိုင်းရင်းသားစုံတို့၏ စုပေါင်းကာကွယ် စောင့်ရှောက်မှုဖြင့် ပြည်ထောင်စုကြီး မပြိုမကွဲ၊ မယိုင်မလဲ ခိုင်မြဲခဲ့ရသည်။ ဤနိုင်ငံ၊ ဤပြည်သူတို့၏ အချုပ်အခြာအာဏာ (ဝါ) လွတ်လပ်ရေး မဆုံးမရှုံး၊ မပြုန်းမတီးဘဲ စုစည်းခိုင်ခိုင် တည်တံ့ခိုင်မြဲနိုင်ခဲ့သည်။

ယနေ့သော်ကား-

ပြည်ထောင်စုကြီးမပြိုမကွဲစေရန်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရန် ယင်းသို့ ပြည်ထောင်စုကြီး မပြိုမကွဲ၊ လွတ်လပ်ရေးခိုင်မြဲကာ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးဝေစည်နေစေရာတွင် အဓိက ခွန်အားဖြစ်သည့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက ထာဝရတည်တံ့ ခိုင်မြဲသော လွတ်လပ်ရေးနှင့် ပြည်ထောင်စုကြီးကို အာမခံထားပြီးဖြစ်ရာ ငြိမ်းချမ်းသော ပတ်ဝန်းကျင်၌ ပြည်ထောင်စုဖွား တိုင်းရင်းသားစုံ သွေးချင်းသားချင်း ညီအစ်ကို မောင်နှမအားလုံး စည်းစည်းလုံးလုံး ပြည်ထောင်စု စိတ်ဓာတ်ကိုယ်စီ၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ကိုယ်စီ၊ အမျိုးသားရေးအမြင်ကိုယ်စီဖြင့် လက်တွဲကြိုးပမ်းကြခြင်းဖြင့် ပြည်ထောင်စုတည်းဟူသော ပန်းဥယျာဉ်ကြီးတွင် ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း မွှေးကြိုင်လန်းဆန်းလာမည်။

ဒို့တိုင်းဌာနီ မြန်မာပြည်

* ဒို့တိုင်းဌာနီ၊ မြန်မာပြည်တည့်
ဖြာသည် အလင်း၊ အေးမြခြင်းလျှင်
လမင်းတစ်ရာ၊ မက သာသည့်
ထေရာဝါဒ၊ မြတ်ဗုဒ္ဓ၏
ဓမ္မရောင်ခြည်၊ လွှမ်းပတ်စည်သော်
စေတီခပင်း၊ ရွှေရည်ဝင်းအောင်
မင်း နှင့် ပြည်သူ၊ သဒ္ဓါတူလျက်
ပူဇော်အထွတ်၊ ပြည်လုံးညွတ်လျှင်
တုလွတ်ကင်းစင်၊ သမိုင်းစဉ်ဝယ်
နှိုင်းယှဉ်ရာမဲ့၊ သာပေခဲ့မို့
အိုဘယ့် မြန်မာ၊ တင့်မောစွာဟု
သူငါ ချီးအံ့၊ ကမ္ဘာနှံ့တွင်
လှိုင်ပျံ့ ထုံကြည် သင်းစည်တကား။

* ညှို့မှိုင်းဖြာစည်၊ ဒို့တိုင်းပြည်တည့်
ဤမှာ ကောက်နှံ၊ ဖွံ့ထွားသန်လျက်
သယံဇာတ၊ သဘာဝလည်း
ကြွယ်ဝ ဤမြေ၊ ပေါပြည့်ပေ၏
စိန်ရွှေ ကျောက်မျက်၊ ဖိတ်ဖိတ်လက်ကာ
စဉ်ဆက် မြေးသား၊ ပိုင်ဆိုင်သွားဖို့
ဘိုးဘွား အမွေ၊ ငါတို့ မြေတည့်
နေ ရေ လေနှင့် အခြေသင့်ကာ
တောနှင့် ဂနိုင်၊ စုံမြိုင်တင့်ကောင်း
ဥဒေါင်းလည်ဆန့်၊ မြီးဝန်းဖြန့်၍
က အံ့ရွယ်ရည်၊ နေဘိသည်သို့
ဤမြေရိပ်မြိုင်၊ လှချင်းပြိုင်သည်
ခိုင်သန့်စုံညီ ဝင်းသည်တကား။

* မြို့တိုင်း ရွာပြည်၊ သာယာစည်ကာ
ညီညွတ်စုစည်း၊ တစ်သွေးတည်းပင်
ပြည်ကြီးဂုဏ်တင့်၊ မျိုးဂုဏ်မြင့်ဟု
မြင့်မြတ်အတွေး၊ ကိုယ်စီတွေးလျက်
သွေးချင်းနှောင်ညီ၊ ညီညွတ်သည်တည့်
ကိုယ့်ပြည်တွင်းအား၊ ကိုယ် ကိုးစားလျက်
အမျိုးသားရေး၊ နိုးကြားတွေးခဲ့
လေးမြတ် စီမံ၊ ညီလာခံနှင့်
နိုင်ငံ အနာဂတ်၊ တည်ငြိမ်လတ်အောင်
(၇)ရပ် လမ်းစဉ်၊ အောင်မြင်စေမှု
တွေးမျှော်ရှုလျက်
ပြည်ထောင်စုစိတ်ဓာတ်၊ နှလုံးမြတ်ဖြင့်
မရပ်မတန့်၊ မွှေးထုံပျံ့သည်
နိုင်ငံ့ဂုဏ်ရည် လင်းပြီတကား။ ။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-

မြင်းမူမောင်နိုင်မိုး

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်း ကြိုးပမ်းရေး။

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ပေါင်းလောင်းရေအားလျှပ်စစ်နှင့် ရေလှောင်တမံတို့ကိုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၈

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် လေ့လာရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူး လွင်ထွန်းတို့ လိုက်ပါလျက် ယနေ့ နံနက် ၆ နာရီက ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှင့် ရေလှောင်တမံသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် လေ့လာရေး အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံပေါ်သို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုလေ့လာကြပြီး ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ နံနက်ပိုင်း လမ်းခေတ္တပိတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ် ယင်းနေ့ နံနက် ၆ နာရီမှ ၉ နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများနှင့် ယာဉ်များအနေဖြင့် ဖော်ပြပါ အချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းသွားလာမောင်းနှင်ကြပါရန် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မြဲ ကြံ့ခိုင်နေစေရန် တိုင်းရင်းသားပြည်သူတို့ သန္နိဋ္ဌာန်ခိုင်ခိုင် ချထားကြပေပြီ။ ဤသို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို မြန်မာတိုင်း ဦးထိပ်ထားရမည့် အမျိုးသားရေးတာဝန် သမိုင်းပေးတာဝန်အဖြစ် ခံယူပြီးကြပေပြီ။

ဤသို့ လွတ်လပ်နေသောနိုင်ငံ၊ တည်တံ့ခိုင်မြဲနေသော ပြည်ထောင်စု တိုင်းရင်းသားတို့ စုစည်းလက်တွဲ စည်းလုံးမှုခိုင်မြဲနေသော မြန်မာ့မြေသည် ငြိမ်းချမ်းနေပေပြီ။ ပြည်တွင်းသောင်းကျန်းမှု နှစ်လေးဆယ်ကျော် အတိတ်ဆိုးကို ပြည်ဖုံးကား ချခဲ့ပေပြီ။ တောတွင်းလက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့၊ အဖွဲ့ခွဲ၊ အဖွဲ့ငယ်ပေါင်း ၂၁ ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ငြိမ်းချမ်းရေးယူသဖြင့် ယနေ့ပြည်ထောင်စုသည် ငြိမ်းချမ်းသော ပြည်ထောင်စု ဖြစ်နေပေပြီ။

ဤသို့ ပေါ်ထွန်းလာသည့် ငြိမ်းချမ်းသော ပတ်ဝန်းကျင် ရေခံ၊ မြေခံကောင်းပေါ်တွင် နိုင်ငံစီးပွားရေး တိုးတက်ကာ နိုင်ငံသားတို့ လူနေမှုအဆင့်အတန်း ရေမြင့်ကြာတင့်သကဲ့သို့ မြင့်သည်ထက်မြင့်လာစေမည့် အခြေခံအဆောက်အအုံ (ဝါ) ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေသော တည်ဆောက်မှုများ နေ့ညမပြတ် ပွားများစည်ပင် လာပေသည်။ လမ်းမိုင်သောင်းချီ၊ တံတား ရာထောင်ချီ၊ ဆည်မြောင်း တမံ၊ ရေလှောင်ကန်၊ ရေတံခါးရာနှင့်ချီ၊ စာသင်ကျောင်း အဆောက်အအုံများ၊ ဆေးရုံဆေးခန်းသစ်များ၊ လျှပ်စစ်ဓာတ်အားစက်ရုံ၊ စက်မှုဇုန်အဖြာဖြာ၊ စက်မှုလယ်ယာအခန်းခန်း ပြည်ထောင်စုတစ်ဝန်း၌ တိုးတက်ဖြစ်ထွန်းလာပေပြီ။ ဤသည်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အား၊ လွတ်လပ်ရေး၏ စွမ်းပကား၊ ပြည်ထောင်စုကြီး ကြံ့ခိုင်နေမှု၏ ခွန်အားများ၏ ရလဒ်ကောင်း အပေါင်းလက္ခဏာများပင် ဖြစ်တော့သည်။

ထို့ကြောင့် မြန်မာတို့သည် လွတ်လပ်ရေးကို ပြန်လည်လက်လွှတ်မခံဘဲ စောင့်ရှောက်ကာကွယ်နေကြမည်၊ ပြည်ထောင်စုကြီး ပြိုကွဲမခံဘဲ ထိန်းသိမ်းကာကွယ်နေကြမည်၊ တိုင်းရင်းသား လူမျိုးတစ်ရာကျော် အရေအတွက်အားဖြင့် ဦးရေ ၅၅သန်းကျော်၏ စည်းလုံးညီညွတ်မှု ကြံ့ခိုင်တောင့်တင်း နေစေရမည်။

ပြည်ထောင်စု တစ်နံတစ်လျားမှ တိုင်းရင်းသားစုံ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသူများ၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ငြိမ်းချမ်းရေး တည်ဆောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့များ၊ သမိုင်းပညာရှင်များ၊ နိုင်ငံရေးအတွေ့အကြုံ ကြွယ်ဝသော သံတမန်အငြိမ်းစားများစသည့် ဒေသစုံ၊ တိုင်းရင်းသားစုံ၊ လူထုလူတန်းစား အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည့် အမျိုးသားညီလာခံကြီးက ပြည်ထောင်စုကြီး ထာဝရတည်တံ့ စည်ပင်ဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားပြည်သူတို့ ဥမကွဲသိုက်မပျက် ထာဝရနေထိုင်ကာ လွတ်လပ်ရေးအရသာ အပြည့်အဝခံစားရစေမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံမူများ ချမှတ်နေကြပြီဖြစ်သည်။

အမျိုးသားညီလာခံကြီးမှ ချမှတ်ပေးသော အခြေခံမူများဖြင့် အခြေခံဥပဒေသစ်ကြီး ရေးဆွဲကာ ပြည်သူ့ဆန္ဒခံယူ အတည်ပြုပြီး ပြည်သူ့ကိုယ်စားပြု နိုင်ငံ့ခေါင်းဆောင် အကြီးအကဲ အစိုးရအဖွဲ့တို့ ဖွဲ့စည်းလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အပြီးတိုင် တည်ဆောက် အကောင်အထည်ဖော် သွားကြမည်ဖြစ်သည်။ ဤသည်မှာ ပြည်ထောင်စုသား အားလုံး၏ဆန္ဒ၊ လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုသားတို့ ကိုယ်တိုင် လုံ့လဥဿာဟပြုမှု၏ ရလဒ်များပင် ဖြစ်ပေသည်။

ပြည်ထောင်စုကြီးအတွင်း ဒေသတစ်ခု၏ လိုအပ်ချက်ကို ကျန်ဒေသများက မိသားစုစိတ်ဓာတ်ဖြင့် ဖြည့်ဆည်းပေးကြသည်။ ပြည်ထောင်စု တစ်ခုလုံးပေါင်းလျှင် လိုအပ်ချက်အားလုံး ပြည့်စုံရသည့် တကယ့်မိသားစုနိုင်ငံ ဖြစ်သည်။

ထို့ကြောင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ချမှတ်ခဲ့သည့် နိုင်ငံတော်အခြေခံမူကြီး (၁၀၄)ရပ်တွင် ပြည်ထောင်စုကြီး ထာဝရတည်တံ့စေမည့် အာမခံထားသော အခြေခံမူများကို ဤသို့ တွေ့နိုင်ကြပေသည်-

"(က) နိုင်ငံတော်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများ-

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်။

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်။

(၃) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်။

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်။"

"(ဃ) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများ

(၁) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။"

"(၇) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်း အခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ"

ဤသို့ **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက ထာဝရတည်တံ့ခိုင်မြဲသော လွတ်လပ်ရေးနှင့်ပြည်ထောင်စုကြီးကို အာမခံထားပြီးဖြစ်ရာ ငြိမ်းချမ်းသော ပတ်ဝန်းကျင်၌ ပြည်ထောင်စုဖွား တိုင်းရင်းသားစုံ သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမအားလုံး စည်းစည်း လုံးလုံး ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီ၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ကိုယ်စီ၊ အမျိုးသားရေးအမြင်ကိုယ်စီဖြင့် လက်တွဲကြိုးပမ်းကြခြင်းဖြင့် ပြည်ထောင်စု တည်းဟူသော ပန်းဥယျာဉ်ကြီးတွင် ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း မွှေးကြိုင်လန်းဆန်းလာမည်** ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်၌ လှူဒါန်းမည့် ရတနာကျောက်စိမ်း အုတ်မြစ်တော်နှင့် ရတနာငွေကြုတ်တော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မော်ကွန်းကမ္ပည်းကြေးပြားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က မော်ကွန်းကျောက်စာတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က သန္တာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရတနာကျောက်မျက်တော်များနှင့် ဓာတ်သတ္တုတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ယင်းနောက် ဆရာတော်၊ သံဃာတော်များက သမ္ဗုဒ္ဓေမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပဋ္ဌာန်းသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ပက်ဖျန်းကြဲဖြန့် ချည်နှောင်

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ယူဆောင်၍ စေတီတော် ဝတ္ထုကံတွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဥပ္ပါတသန္တိစေတီတော်၌ လှူဒါန်းမည့် ရတနာကျောက်စိမ်း အုတ်မြစ်တော်နှင့် ရတနာငွေကြုတ်တို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အလှူရှင်များ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်များမှ ဝတ်အသင်းအဖွဲ့ဝင်များ၊ မန္တလေးနန်းတော်ရှေ့ မဟာမင်္ဂလာစည်တော်ကြီး အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး မြမြစန်းတို့ မော်ကွန်းကမ္ပည်း ကြေးပြားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့ သန္တာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သီဆိုပူဇော်

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ဗုဒ္ဓရောင်ခြည်တော်ဖွင့် ထူးမခြားနားသီချင်း သုံးပိုဒ်ဖြင့် သီဆိုပူဇော်၍ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာဗွေခရူနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ မော်ကွန်းကျောက်စာတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ရတနာ ကျောက်မျက်တော်များနှင့် ဓာတ်သတ္တုတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကိုးပါးသီလခံယူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဘဒ္ဒန္တဩဘာသ ဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အလုပန်းစိုက် ငွေဖလားကိုင်နှင့် သာသနာ့အလံကိုင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့်အတူ ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်း ကြေးပြားတော်၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနောက်အရပ်၌ မြရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြောက်အရပ်၌ နီလာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။

(သတင်းစဉ်)

မော်ကွန်းကျောက်စာတော်နှင့် ရတနာကျောက်စိမ်း အုတ်မြစ်တော်များကို ဥပါသကာများက အုတ်မြစ်တော်စီမည့်နေရာသို့ ပင့်ဆောင်ကြသည်။

ယင်းသို့ ရတနာအုတ်မြစ်တော်များကို ပင့်ဆောင်ရာတွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများဖြင့် သီကျူးပူဇော်ကြသည်။

သံဃာတော်များအား ပင့်ဆောင်

ထို့နောက် ဆရာတော် သံဃာတော်များအား ဥပ္ပါတသန္တိ စေတီတော် ဇဟိုအုတ်မြစ်တော်ဌာန အနောက်ဘက်ရှိ သံဃာသနပလ္လင်တော် ဌာနသို့ ပင့်ဆောင်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အနောက်မြောက်ထောင့်အရပ်၌ ဥဿဖရား ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မူလအုတ်မြစ်တော်ဌာန၌ နေရာယူကြသည်။

ထို့နောက် အခမ်းအနားမှူးက ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခါတော်ကြား စာတမ်းနှင့် မဟာမင်္ဂလာမော်ကွန်းကို ဖတ်ကြားသည်။

စီသွင်းလှူဒါန်း

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သန္တာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို မူလအုတ်မြစ်တော်ဌာန၌ စီသွင်းလှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဓာတ်သတ္တုတော်များကို မူလအုတ်မြစ်တော်ဌာန၌ စီသွင်းလှူဒါန်းပေးပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ရွတ်ဆိုပူဇော်

ထိုသို့ ရတနာကျောက်စိမ်းအုတ်မြစ်တော်နှင့် ဓာတ်သတ္တုတော်များကို စီသွင်းလှူဒါန်းရာတွင် ဥပါသကာများက သက္ကတွာဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော် မူလအုတ်မြစ်တော်ဌာနမှ ဇဟိုအုတ်မြစ်တော်ဌာနသို့ ပြောင်းရွှေ့နေရာယူကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဥပ္ပါတသန္တိစေတီတော် ဇဟိုအုတ်မြစ်တော်ဌာန၌ ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ပတ္တမြားရတနာ စီခြယ်ထားသော ရတနာ ကျောက်စိမ်းအုတ်မြစ်တော်တို့ကို စီသွင်းလှူဒါန်းပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ပေးသည်။

နေရာယူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော်များကို စီသွင်းလှူဒါန်းနိုင်ရန် ဇဟိုအုတ်မြစ်တော်ဌာန၌ နေရာယူကြသည်။

ထို့နောက် ကျမ်းဂန်တော်လာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရတနာအုတ်မြစ်တော်များကို စီသွင်းလှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အရှေ့အရပ်၌ စိန်ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စတင်စီသွင်း လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အရှေ့တောင်ထောင့်အရပ်၌ ပုလဲရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

အုတ်မြစ်တော်စီသွင်းလှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်အရပ်၌ ကြောင်မျက်ရွဲရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အနောက်တောင်ထောင့်အရပ်၌ ဂေါမုတ်ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အနောက်အရပ်၌ မြရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

အနောက်မြောက်ထောင့်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အနောက်မြောက်ထောင့်အရပ်၌ ဥဿဖရားရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြောက်အရပ်၌ နီလာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အရှေ့မြောက်ထောင့်အရပ်၌ သန္တာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အရှေ့တောင်ထောင့်အရပ်၌ ပုလဲရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။

(သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရတနာကျောက်စိမ်း အုတ်မြစ်တော်များကို ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ 'ဇယန္တော' အစရှိသော ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

ပြန်လည်ပို့ဆောင်

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေ စာတမ်းကို ဖတ်ကြားပြီး အမျှပေးဝေသည်။ ဆက်လက်၍ ဒေဝေါကာသကရဏ နတ်ပို့ဂါထာဖြင့် နတ်ဗြဟ္မာများအားပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာ ငွေခရုနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၉ မှ

အနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်များအား မင်္ဂလာမဏ္ဍပ်၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ယာယီပြတိုက်၌ ခင်းကျင်းစီစဉ် ပြသထားသော ဥပ္ပါတသန္တိစေတီတော် ပုံတူ သာသနိကအဆောက်အအုံများ ပုံစံငယ်နှင့် စေတီတော်တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်အရပ်၌ ကြောင်မျက်ရွဲရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အရှေ့အရပ်၌ စိန်ရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အရှေ့မြောက်ထောင့်အရပ်၌ သန္တာရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အနောက်တောင်ထောင့်အရပ်၌ ဂေါမုတ်ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပျော်ဘွယ်–ဘုရားငါးဆူရထားလမ်းသစ်ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ပျော်ဘွယ်–ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း လင်းစင်ကုန်းစခန်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရှေးဦးစွာ ပျော်ဘွယ်–ဘုရားငါးဆူ ရထားလမ်းသစ် လမ်းအူကြောင်းဖောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရထားလမ်းသစ်ကို ယခု စတင်ဖောက်လုပ်စဉ် ကတည်းကပင် လမ်းများ အောက်ခံမြေအမာထည် ရရှိအောင် ဆောင်ရွက်သွားကြရန်နှင့် ရထားလမ်းဘေးဝဲယာ၌ ရေမြောင်းများ စနစ်တကျစီမံဆောင်ရွက်သွားရေး မှာကြားသည်။

ပေါင်းစပ်ဆောင်ရွက်

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းက ပျော်ဘွယ်–ဘုရားငါးဆူ ရထားလမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းတွင် ဆောင်ရွက်ရမည့် မြေကြီးလုပ်ငန်းများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ဘလောက်ဘူတာ တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ပျော်ဘွယ်ဘုရားငါးဆူ ရထားလမ်းသစ်ကို ပျဉ်းမနား–သာစည် ရထားလမ်းပေါ်ရှိ ပျော်ဘွယ်ဘူတာမှ စတင်လမ်းခွဲ၍ သာစည်မြို့ကို ဝင်ရောက်ဖြတ်သန်းခြင်းမပြုဘဲ သာစည်–ရွှေညောင် မီးရထားလမ်းပိုင်းပေါ်ရှိ ဘုရားငါးဆူဘူတာသို့ ဆက်သွယ်ရန် ဖြတ်လမ်းအဖြစ် ဖောက်လုပ်နေခြင်းဖြစ်သည်။

တိုက်ရိုက်ရောက်ရှိမည်

ပျော်ဘွယ်–သာစည်–ဘုရားငါးဆူရထားလမ်း၏ လက်ရှိရထားလမ်းအရှည်မှာ ၃၁ ဒသမ ၇၅ မိုင်ရှိပြီး ယခုဖောက်လုပ်မည့် ရထားလမ်းသစ်မှာ ၁၆ ဒသမ ၁၉ မိုင်သာရှိသဖြင့် ခရီးမိုင် ၁၅ ဒသမ ၅၆ မိုင် လျော့နည်းသက်သာသွား၍ မူလခရီး၏ တစ်ဝက်ခန့် တိုတောင်းသွားပြီး နေပြည်တော်မှ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ သာစည်မြို့အထိ ပတ်သွားရန်မလိုတော့ဘဲ အမြန်ဆုံး တိုက်ရိုက်ရောက်ရှိသွားမည်ဖြစ်သည်။

ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် မိတ္ထီလာတပ်နယ်အတွင်းရှိ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိတ္ထီလာမြို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေး လိုက်ပါလျက် မိတ္ထီလာတပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ ရမည်းသင်းမြို့ နယ်မြေခံတပ်ရင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေ ၄နာရီတွင် တပ်ကုန်းမြို့နယ်မြေခံတပ်ရင်း ရဲမင်းအောင်ခန်းမ၌ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

အဆိုပါ သဘောထားကြေညာချက်များအနက် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့ မ-မ-လ ဌာနချုပ်၏သဘောထားထုတ်ပြန်ချက်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ဌာနချုပ်၏ သဘောထား ထုတ်ပြန်ကြေညာချက် အပြည့်အစုံတို့မှာ အောက်ပါအတိုင်းဖြစ်သည်- **(သတင်းစဉ်)**

မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ (ဘာသာရေး) အဖွဲ့ မ.မ.လ ဌာနချုပ်၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့ပါသည်။ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ ဖြစ်ကြပါသည်။ ထို့ပြင် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီးမှလည်း အနောက်နိုင်ငံကြီးများ၏ ဆောင်ရွက်ချက်ကို ကန့်ကွက်ခဲ့သည်ဟု သိရှိရပါသည်။

ထိုကဲ့သို့ အနောက်နိုင်ငံကြီးများ၏ မြန်မာနိုင်ငံအတွင်း ဝင်ရောက်စွက်ဖက်မှုအဆို ရှုံးနိမ့်ခဲ့ပြီး နောက်တစ်ဖန် Christian Solidarity World Wide (CSW) အဖွဲ့မှ ၂၃-၁-၂၀၀၇ နေ့၌ မြန်မာနိုင်ငံတွင် ဘာသာရေး လွတ်လပ်ခွင့်မရှိကြောင်း စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ ဗြိတိသျှပါလီမန် အမတ်တစ်ဦးဖြစ်သူ Stephen Crabb မှ ဦးဆောင်၍ မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိကြောင်းနှင့် (CSW)စာတမ်းကို ကုလသမဂ္ဂသို့ အမြန်ဆုံး စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ပေးပါရန် တင်သွင်းတောင်းဆိုခဲ့ပါသည်။

ဤကိစ္စများသည် ရှင်းရှင်းကြီးဖြစ်ပါသည်။ အနောက်နိုင်ငံကြီးများမှ မြန်မာနိုင်ငံအပေါ် မိမိတို့ဩဇာ မသက်ရောက်သည်ကို ဩဇာသက်ရောက်စေရန် ဖိအားအမျိုးမျိုး ပေးနေခြင်းသာဖြစ်ပါသည်။ လူကြီးမင်းတို့ စွပ်စွဲထားသလိုမျိုး မြန်မာနိုင်ငံအစိုးရသည် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်စသိမ်းပိုက်ကျွန်ပြုခြင်းများမရှိ၍ ဖက်ဆစ်အစိုးရဟု ခေါ်ဆို၍ မရပါ။ထို့ပြင် ဟစ်တလာ နာဇီကဲ့သို့ လူမျိုးတုံးသတ်ဖြတ်မှုမျိုးမရှိ၍လည်း နာဇီအစိုးရလို သတ်မှတ်၍မရပါ။ လူကြီးမင်းများအနေနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အရှေ့ယဉ်ကျေးမှုများကို နားလည်အောင်လေ့လာသင့်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ရှေးမြန်မာမင်းများ လက်ထက်မှစ၍ အထက်တန်းအုပ်ချုပ်ရေး ရာထူးနေရာများတွင် ဘာသာစုံ၊ ပုဂ္ဂိုလ်စုံ ပါဝင်ခဲ့ကြပါသည်။ တစ်ဦး၏သာရေး၊ နာရေးကိစ္စများတွင် တစ်ဦးက ကူညီခဲ့ကြပါသည်။ ထိုကဲ့သို့ ချစ်စရာကောင်းသည့် ဓလေ့စရိုက်ကို မြန်မာနိုင်ငံတွင် မြောက်မြားစွာရှိပါသည်။ ဘာသာဝင်အချင်းချင်း သွေးကွဲစေမည့် လုပ်ရပ်များကို ရပ်တန့်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဘာသာရေးကိစ္စဟူသည် အလွန်သိမ်မွေ့နူးညံ့ပါသည်။ မေတ္တာတရားကို အခြေခံပါသည်။ ထို့ကြောင့် ဘာသာရေးကို နိုင်ငံရေးအရောင်မဆိုးကြပါရန် ထပ်လောင်းမေတ္တာရပ်ခံအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသည် လူများစုဖြစ်၍ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာသည် လူနည်းစုဖြစ်ပါသည်။ ကျွန်တော်တို့တွေ အနေကျပ်အောင် မလုပ်ကြပါနဲ့လို့ ပြောလိုပါသည်။

သို့ပါ၍ Christian Solidarity World Wide (CSW) အဖွဲ့အနေနှင့် မြန်မာနိုင်ငံအရေးတွင် ဝင်ရောက်မစွက်ဖက်ပါနဲ့လို့ တောင်းဆိုပါသည်။

မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ဘုရားကျောင်းများ စည်ကားလျက်ရှိပါသည်။ ဘာသာပေါင်းစုံချစ်ကြည်လျက်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ (ဘာသာရေး) အဖွဲ့ မ.မ.လ ဌာနချုပ်အနေနှင့်(CSW) အဖွဲ့မှ ထုတ်ပြန်သော မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိဆိုသော စာတမ်းအားပယ်ချပါသည်။

မြန်မာနိုင်ငံတွင် ဘာသာရေး လွတ်လပ်ခွင့် ရှိကြောင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ရေးကို တန်ဖိုးထားလျက်ရှိကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဥက္ကဋ္ဌ
မ.မ.လ ဌာနချုပ်

ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့(C.S.W)၏ မြန်မာနိုင်ငံရှိ ခရစ်ယာန်များ နှိပ်ကွပ်ခံရခြင်းနှင့်ပတ်သက်၍ အရေးတကြီး အစီရင်ခံစာအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ဌာနချုပ်၏ သဘောထားကို ထုတ်ပြန်ကြေညာခြင်း

၁။ ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့(C.S.W)က မြန်မာနိုင်ငံအစိုးရအား ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်မရှိကြောင်း ချုပ်ချယ်ခြင်း၊ ခွဲခြားခြင်း၊ နှိပ်ကွပ်ခြင်းတို့ကို လုပ်ဆောင်နေသည်ဟူ၍ လုပ်ကြံပုတ်ခတ်စွပ်စွဲသော အစီရင်ခံစာ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

၂။ ယင်းကြေညာချက်အစီရင်ခံစာတွင် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော မှတ်တမ်းတစ်ခုကို ရန်ကုန်မြို့တွင်း ဖြန့်ဝေလျက်ရှိကြောင်းနှင့် ယင်းမှတ်တမ်း၌ ခရစ်ယာန်ဘာသာကို ဖျက်ဆီးရေးအစီအစဉ်ဟူ၍ ခေါင်းစဉ်တပ်ထားသည်ဟု ဖော်ပြကြေညာထားခဲ့ပါသည်။

၃။ ယင်းအပြင် ကြေညာချက်အစီရင်ခံစာတွင် မြန်မာအစိုးရအနေဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကို နေရာအနှံ့၌ ချုပ်ချယ်ခြင်းများ၊ ဘာသာရေးလူနည်းစုများအား ခွဲခြားဆက်ဆံခြင်း၊ အချို့နေရာများ၌ ခရစ်ယာန်များနှင့် မွတ်စလင်များအား အကြမ်းဖက်နှိပ်စက်ခြင်းများရှိနေသည်ဟုလည်း ပုတ်ခတ်စွပ်စွဲဖော်ပြထားခဲ့ပါသည်။

၄။ အဆိုပါအစီရင်ခံစာကြေညာချက်မှာပင် မြန်မာနိုင်ငံမှ ဘာသာရေးလွတ်လပ်မှု ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရခြင်း၊ ဖောက်ဖျက်ခံရခြင်းတို့နှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ကြီးမှ အထူးစုံစမ်းစစ်ဆေးပေးရန် တိုက်တွန်းကြောင်း ဗြိတိသျှနိုင်ငံရေးပါတီများဖြစ်ကြသည့် ကွန်ဆာဗေးတစ်ပါတီ၊ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၊ လေဘာပါတီတို့မှ အမတ်အချို့က ကုလသမဂ္ဂမှ မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေလိုက်နာရမည့် ဆုံးဖြတ်ချက်များချမှတ်ရန် တိုက်တွန်းထားကြောင်း ဖော်ပြထားပါသည်။

၅။ မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ (C.S.W)၏ စွပ်စွဲချက်များနှင့် ဆန့်ကျင်ကွဲလွဲစွာ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာဟူ၍ ကိုးကွယ်မှုဆိုင်ရာ ဘာသာကြီးလေးမျိုးရှိပါသည်။ မည်သည့်ဘာသာရေးကိုးကွယ်မှုကိုမျှ ချုပ်ချယ်ခြင်း၊ ဟန့်တားကန့်ကွက် ပိတ်ပင်နှောင့်ယှက်ခြင်းမပြုသည့်အပြင် ကိုးကွယ်ရာဘာသာအလိုက် နေ့ရက်များ၊ အခမ်းအနားများ၊ ပွဲတော်များကိုလည်း လွတ်လပ်ကျယ်ပြန့်စွာ ကိုးကွယ်ဝတ်ပြုခွင့်၊ ကျင်းပခွင့်များ ရှိနေခဲ့ပါသည်။

၆။ မြန်မာနိုင်ငံအနှံ့ ဘာသာရေးဆိုင်ရာ ဘုရားကျောင်းများ၊ စာသင်ကျောင်းများကိုလည်း လွတ်လပ်စွာ ပြုပြင်ဖွင့်လှစ် ကိုးကွယ်ခွင့်ပြုလျက်ရှိသည်ကို မြန်မာနိုင်ငံအတွင်းရှိ ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာဝင် မြန်မာတိုင်းရင်းသားအားလုံးက နားလည်လက်ခံပြီး ဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသော အင်အားကြီးနိုင်ငံအချို့၏ ပယောဂဖြင့် ဘာသာရေးကို မဟုတ်မမှန် လုပ်ကြံအကြောင်းပြုပြီး နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချရေးအတွက် ယင်းအစီရင်ခံစာ ကြေညာချက်ကို ထုတ်ပြန်သည်ဟု မိမိတို့အဖွဲ့ချုပ်က ယူဆပါသည်။

၈။ မြင့်မြတ်စင်ကြယ်သန့်ရှင်းသော ဘာသာရေးဆိုင်ရာကိုးကွယ်မှုနှင့် ပတ်သက်ပြီး နိုင်ငံရေးအကျိုးစီးပွားအတွက် အသုံးချအမြတ်ထုတ်ရန် တင်ကူးရွှယ်စူး လုပ်ဆောင်မှုမျိုးကို မည်သည့်ဘာသာတရားကမျှ လက်ခံခြင်းမရှိကြပါ။

၉။ သို့ပါ၍(C.S.W)က ထုတ်ပြန်ကြေညာသော အစီရင်ခံစာပါ အချက်အလက်များသည် အထောက်အထားမရှိ၊ ယုတ္တိမရှိ၊ အခြေအမြစ်မရှိဘဲ မြန်မာနိုင်ငံ၏ ဘာသာရေးဆိုင်ရာ ပကတိလွတ်လပ်ခွင့်များနှင့် ဆန့်ကျင်ခြားနားကွဲပြားစွာ လုပ်ကြံပုတ်ခတ်မှုများ၊ စွပ်စွဲမှုများသာဖြစ်ကြောင်း မိမိတို့အဖွဲ့ချုပ်အနေဖြင့် လေ့လာသုံးသပ်ရရှိပါသည်။

၁၀။ ယင်းလေ့လာသုံးသပ်ချက်အရ မိမိတို့အဖွဲ့ချုပ်က(C.S.W) အစီရင်ခံကြေညာချက်ကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်
ရန်ကုန်မြို့။

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ အထူးကုအဖွဲ့ များလာရောက်ကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ကျန်းမာရေး ဆေးစစ်ဆေးကုသပေးရန်အတွက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ယနေ့တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာဆေးရုံသို့ လာရောက်ကုသပေးသည်။ **(ယာပုံ)**

စစ်ဆေးကုသ

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှသမားတော်ကြီး ဒေါက်တာဒေါ်ခင်ခင်သက် ဦးဆောင်သော ဆရာဝန် ၁၁ ဦး ပါဝင်သည့်အဖွဲ့က နံနက်ပိုင်းတွင် ဘိုးဘွားများ၏အထွေထွေရောဂါများကို လည်းကောင်း၊ နေ့လယ်ပိုင်းတွင် မျက်စိဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင် ဦးဆောင်သော ဆရာဝန်များအဖွဲ့နှင့် နား၊နှာခေါင်း၊ လည်ချောင်းဆေးရုံမှ ဆရာဝန်များအဖွဲ့က သက်ဆိုင်ရာရောဂါများကို လည်းကောင်း အဘိုးအဘွား ၆၃ ဦးတို့အား လာရောက်စစ်ဆေးကုသပေးကြသည်။

အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ နှစ်လလျှင်တစ်ကြိမ် ပုံမှန်လာရောက် ပြုစုကုသပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

တိုင်းရင်းဆေးပညာ သင်ကြားပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်၌ တိုင်းရင်းဆေးပညာ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက စနစ်တကျဆောင်ရွက်လျက်ရှိရာ ဆေးတက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဆရာဝန်သစ်လွင်များအနေဖြင့် အခြေခံတိုင်းရင်းဆေးပညာ၏တန်ဖိုးကို သိရှိနားလည်နိုင်ရန် ရည်ရွယ်၍ ဆေးတက္ကသိုလ်များ၏ တတိယနှစ် အမ်ဘီဘီအက်စ်တွင် အခြေခံတိုင်းရင်းဆေးပညာ ဘာသာရပ် သင်ကြားပို့ချပေးလျက်ရှိသည်။

ပထမဦးဆုံးအကြိမ်အဖြစ် အခြေခံတိုင်းရင်းဆေးပညာ သင်ကြားပြီးမြောက်ကြောင်း လက်မှတ်ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသော ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဆေးပညာဘွဲ့ အပ်နှင်းခံရသူများအား ပါမောက္ခချုပ် ဒေါက်တာဒေါ်သန်းနုရွှေက တစ်ပါတည်းချီးမြှင့်သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးပညာဘွဲ့ရရှိသူ ၁၃၆ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိသူ ၃၃ ဦးနှင့် ပါရဂူ ဘွဲ့ရရှိသူ သုံးဦးတို့အား ဘွဲ့အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအဆင့်မီ ကွန်ပျူတာနည်းပညာများ စဉ်ဆက်မပြတ်တိုးတက်ရေး လူငယ်လူရွယ်တိုင်းအတွက် သုတေသနစာတမ်းများဖတ်ပွဲကျင်းပ

စေ့စပ်တင်ပြသူ - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၈

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကွန်ပျူတာနည်းပညာ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးလာရေးသည် အဓိကကျလျက်ရှိသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန် ကွန်ပျူတာတက္ကသိုလ် The Fifth International Conference on Computer Application (ICCA-2007)တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး အဖွင့်အမှာစကား ပြောကြားစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ယနေ့ မျက်မှောက်ခေတ်ကာလတွင် ကွန်ပျူတာနည်းပညာများသည် ကမ္ဘာကို လွှမ်းခြုံလျက်ဆက်စပ်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

ကွန်ပျူတာအသုံးချ လုပ်ငန်းနယ်ပယ်များ ပိုမိုများပြားလာသည်နှင့်အမျှ ကွန်ပျူတာအသုံးပြုနည်းပညာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးပေသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကြီးမှူးကျင်းပသော The Fifth International Conference on Computer Appliation (ICCA-2007)ကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အသိပေးတင်ပြ

အဆိုပါ ကွန်ဖရင့်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က ကွန်ပျူတာနည်းပညာများ အသိပေးတင်ပြနိုင်ရန် တာဝန်ရှိသူများနှင့် စာတမ်းရှင်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဂျပန်နိုင်ငံ တိုဟိုကုတက္ကသိုလ်မှ ပါမောက္ခ ဆူဆူမူဟိုရီဂူချီက Networksများအကြောင်း မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကိုရီးယားသမ္မတနိုင်ငံ ဟန်ကွတ်လေကြောင်းတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဂျွန်ဆူပတ်ခ်က Sensor များအကြောင်း မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရှေးဦးစွာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းအား မေးမြန်းရာ "ကျွန်မတို့ ဒီကွန်ဖရင့်ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၏ ညွှန်ပြချက်အရ နိုင်ငံတကာအဆင့်မီ လူငယ်လူရွယ် ကွန်ပျူတာပါရဂူဘွဲ့ရများ မွေးထုတ်ရန်နှင့် ကွန်ပျူတာနည်းပညာ အဆင့်အတန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ ကွန်ပျူတာ နည်းပညာ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း ကျင်းပခြင်း ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ဦးစွာပဏာမ ရှင်းလင်းပြောကြားသည်။

"နောက်ပြီး ဒီကွန်ဖရင့်ဟာ ကွန်ပျူတာပါရဂူဘွဲ့အဆင့်တွေ အပြန်အလှန် ကွန်ပျူတာ အသုံးချနည်းပညာများ၊ သုတေသနစာတမ်းများကို ဖတ်ကြားဆွေးနွေးကြခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဒီကွန်ဖရင့်မှာ ဂျပန်နိုင်ငံမှ ပါမောက္ခနှစ်ဦး၊ ကိုရီးယား သမ္မတနိုင်ငံမှ ပါမောက္ခလေးဦး၊ ဂျပန် ကျွမ်းကျင်ပညာရှင်ခုနစ်ဦး တက်ရောက်ဆွေးနွေးကြပြီး ဂျပန်နိုင်ငံမှ ကျောင်းသားလေးဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ကျောင်းသားလေးဦး၊ အိန္ဒိယ သမ္မတနိုင်ငံမှ ကျောင်းသားတစ်ဦး၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ၅၄ဦး၊ မန္တလေး ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးနှင့် မန္တလေး နည်းပညာတက္ကသိုလ်မှ ကျောင်းသားလေးဦး တက်ရောက်၍ စာတမ်းများတင်သွင်း ဖတ်ကြားကြမှာဖြစ်ပါတယ်"ဟု ဒေါက်တာနီလာသိန်းက မြန်မာ့အလင်းသို့ ဆက်လက်ပြောကြားသည်။

ရလဒ်ကောင်း

"ဒါ့ကြောင့် ဒီကွန်ဖရင့်ဟာ ပြည်တွင်းက ကွန်ပျူတာသုတေသနလုပ်ငန်းတွေနှင့် နိုင်ငံတကာက လုပ်နေတဲ့ သုတေသနလုပ်ငန်းတွေ အပြန်အလှန်ဆွေးနွေးကြမှာဖြစ်တဲ့အတွက် အကျိုးရလဒ်ကောင်းတွေ ရရှိလာမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ တိုဟိုကုတက္ကသိုလ်မှ ပါမောက္ခ ဆူဆူမူဟိုရီဂူချီအား မေးမြန်းရာ "ကျွန်တော့်အနေဖြင့် ဒီကွန်ဖရင့်မှာ လက်ရှိဂျပန်နိုင်ငံမှာ သုတေသနပြုလုပ်နေတဲ့ Highspeed Network ကို Optical WDM Technologyသုံးပြီးတော့ တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒီကွန်ဖရင့်ဟာ စနစ်တကျအကောင်အထည်ဖော် ဆွေးနွေးတဲ့ ဆွေးနွေးပွဲလို့ ထင်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံးလာရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း လာရောက်ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆွေးနွေး

တစ်ဖန် ကိုရီးယားသမ္မတနိုင်ငံ ဟန်ကွတ်လေကြောင်းတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဂျွန်ဆူပတ်ခ်က ပြောကြားရာတွင် "ကျွန်တော် ဒီကွန်ဖရင့်မှာ နောင်တစ်ချိန် Sensor တွေနဲ့ ပတ်သက်ပြီး အနာဂတ်မှာ ဖြစ်ပေါ်ပြောင်းလဲလာမည့် အနေအထားအကြောင်းကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ Wireless Sensor Network ကို အနာဂတ်ကာလမှာ အသုံးတွင်ကျယ် လာနိုင်ပါတယ်။ ဒီအခါမှာ Sensor နဲ့ ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိထားနိုင်ရန်အတွက် ဒီခေါင်းစဉ်ကို ဟောပြောပို့ချခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ မကျော်မေဦးက ပိုမိုကောင်းမွန်သော Data များနှင့် စပ်လျဉ်း၍ ဤသို့ရှင်းပြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ ဟန်ကွတ်လေကြောင်းတက္ကသိုလ်မှ မြောင်ကျူကင်မ်ကလည်း "ကျွန်တော့်အနေဖြင့် ဒီကွန်ဖရင့်မှာလေကြောင်းနှင့် ပတ်သက်ပြီး ကွန်ပျူတာနဲ့ ထိန်းချုပ်လုပ်ကိုင်ရသော စာတမ်းကို ဖတ်ကြားသွားမှာဖြစ်ပါတယ်"ဟုပြောကြားသည်။

သုတေသနပြု

ထို့နောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ မကျော်မေဦးကလည်း "ဒီကွန်ဖရင့်မှာ ကျွန်မအနေဖြင့် An Impressive Trend of Frequent Itemst Mining ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကွန်ပျူတာအချက်အလက် Imformation ကို ဆွဲထုတ်ရယူရာတွင် ပိုမိုထိရောက်ကောင်းမွန်တဲ့ နည်းလမ်းတစ်ရပ်ကို သုတေသနပြုထားခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ ကွန်ပျူတာနည်းပညာဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ၉ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ The Fifth International Conference on Computer Application ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခြင်းဖြင့် ကွန်ပျူတာအသုံးချ နည်းပညာများ၊ ကွန်ပျူတာသုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက သုတေသန စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်လေဆိပ်၌ ဖေဖော်ဝါရီ ၆ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ အသေခံ ဗုံးခွဲသူသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

အမေရိကန် သမ္မတ၏ စစ်ရေး ဗျူဟာအရ အီရတ်သို့ တပ်ဖွဲ့ဝင် ၂၁၅၀၀ စေလွှတ်ရေး အစီအစဉ်တွင် တပ်ဖွဲ့ဝင် ၃၀၀၀ ထပ်မံတိုးလာနိုင်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ဖေဖော်ဝါရီ ၆ရက်တွင် ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးဆိပ်ကမ်း၌ ဇန်နဝါရီလအတွင်း မှုပိုင်ခွင့်ချိုးဖောက်သည့် ထုတ်ကုန် ပစ္စည်း စုစုပေါင်း တန်ချိန် ၇၀ ကို ဘရာဇီးအာဏာပိုင်များက စံချိန်တင်ဖမ်းနိုင်ခဲ့ကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

အီရန်နိုင်ငံက ရုရှားနိုင်ငံမှတင်သွင်းလာသည့် မြေပြင်မှ ဝေဟင်ပစ်လေယာဉ်ပစ်ဒုံးကျည်ကို ဖေဖော်ဝါရီ ၇ရက်က စမ်းသပ်ပစ်ခတ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် သတင်းထောက်များအတွက် အန္တရာယ်အရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အမေရိကန်အခြေစိုက် အဖွဲ့တစ်ဖွဲ့မှ စွပ်စွဲပြောဆိုလာခြင်းကို ဖိလစ်ပိုင်နိုင်ငံက ဖေဖော်ဝါရီ ၇ရက်က ကန့်ကွက်ပယ်ချလိုက်သည်။

အသားခရင်မ်များ၊ လိမ်းဆေးများကို အလွန်အကျွံ လိမ်းမိပါက ကျန်းမာရေးထိခိုက်စေနိုင်ပြီး သေဆုံးသည်အထိ ဖြစ်နိုင်ကြောင်း အမေရိကန် ကျန်းမာရေးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၇ရက်တွင် သတိပေးပြောကြားလိုက်သည်။

(အင်တာနက်)

ကျောက်တန်းအထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

ကျောက်တန်းအထက ကျောင်းသားဟောင်းများ၏(၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၁နာရီတွင် အသောကာရာမစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောက်တန်းအထက(၁)နှင့် အထက (၂) (သော်ကကျောင်း) များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ကန်တော့ခံ ကြွရောက်ကြပါရန်နှင့် အထက(၁)နှင့် (၂)တို့မှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားဟောင်းများ စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေနှင့် ကန်တော့ပစ္စည်း လှူဒါန်းလိုသူများသည် ဦးသင်းမောင် ဖုန်း-၀၁-၆၅၂၀၆၅၊ ဦးကြည်ညွန့် ဖုန်း-၀၅၆-၂၅၂၇၆၊ ဦးပိန်း ဖုန်း-၀၅၆-၂၅၂၈၅၊ ဒေါ်ခင်အေးကြိုင် ဖုန်း-၀၉-၅၁-၄၂၇၃၆၊ ဦးစိုးသန်း တို့သို့ ဆက်သွယ်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၁၀၉)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက် (ဥပုသ်နေ့)

၉-၂-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈း၀၅	၆။	ကြေးမုံရိပ်သွင် တေးနယဉ်
၈း၁၀	၇။	အကပြိုင်ပွဲ
၈း၂၀	၈။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
၁၆း၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀	၅။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၁၅	၆။	**"ဟွန်းသံ"** (ဧရာနှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)
၁၇း၂၀	၇။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၃၀	၈။	လူသတ်၊ မီးရှို့၊ မိုင်းထောင်နေသော အကြမ်းဖက် သောင်းကျန်းမှု အန္တရာယ်စက်ကွင်းမှ ပြည်သူလူထု လွတ်ကင်းအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည် (အပိုင်း-၃)
၁၇း၄၀	၉။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၁)
၁၉း၅၀	၁၄။	ပြည်ထောင်စု စိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၁၁)
	၁၉။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မော်ရင်ဟိုအိပ်မက်ကို ပျက်စီးစေမည့် မစ်ဒယ်ဘရော့ မန်ယူကို သုံးမှတ်ပေးမည့် ချာလ်တန် ပရီမီယာလိဂ်မြင်ကွင်း(၂၇)

ပရီမီယာလိဂ်ပွဲစဉ်(၂၆)၌ မန်ယူနှင့် ချယ်လ်ဆီးတို့ နိုင်ပွဲများရရှိခဲ့သဖြင့် မန်ယူတို့အသာစီးမရခဲ့သလို အာဆင်နယ်နှင့် လီဗာပူးတို့လည်း သရေပွဲများကြုံတွေ့ခဲ့ရသဖြင့် ထိပ်ဆုံးနှစ်သင်းကို ဖိအားမပေးနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ရာ၌ အားထားနေရသူ မန်ယူနောက်ခံတံတိုင်းကြီး ဗီဒစ်။

ယခု ပရီမီယာလိဂ်ပွဲစဉ်(၂၇)ကို ဖေဖော်ဝါရီ ၁၀ ရက်၌ ဆက်လက်ကစားမည်ဖြစ်ရာ မန်ယူက အိုးထရက်ဖို့ဒ်၌ ချာလ်တန်နှင့် ကစားရမည်ဖြစ်သဖြင့် ဖာဂူဆန် ရင်ခုန်စရာ မလိုသော်လည်း ချယ်လ်ဆီးက မစ်ဒယ်ဘရော့ကို အိမ်ကွင်း၌ ရင်ဆိုင်ရမည်ဖြစ်ရာ မော်ရင်ဟိုအတွက် ရတက်မအေးစရာ ပွဲတစ်ပွဲပင်ဖြစ်သည်။

မန်ယူနှင့် ချာလ်တန်

ချယ်လ်ဆီးနှင့်ကစားခဲ့သည့် ခြေစွမ်းအတိုင်း ကစားပါက ချာလ်တန်တို့ မန်ယူကို ခြေရည်တူကစားနိုင်ဖွယ်ရှိသော်လည်း လက်တွေ့၌ မလွယ်ချေ။ မန်ယူတို့က ပွဲတိုင်း တိုက်စစ်ကို သွန်ကစားနေရာ နောက်တန်းမလုံသော ချာလ်တန်ခံစစ်ကြောင်း မည်သို့မျှ ဟန့်တားနိုင်မည် မဟုတ်ချေ။

ဖာဂူဆန်သည် အမာခံတိုက်စစ်မှူးများ အားလုံးကို အကုန်ထုတ်သုံးပြီး အနိုင်ကစားမည်ဖြစ်ရာ ယခုပွဲ မန်ယူတိုက်စစ်မှူးများတွင် မည်သူ ဂိုးအများဆုံး သွင်းမည်ကိုသာ စောင့်ကြည့်ရမည်ဖြစ်သည်။ ချာလ်တန်နည်းပြ အလန်ပါဂျူးလည်း မကစားမီကပင် အမြင့်ဆုံးမျှော်မှန်းချက်မှာ ဂိုးမပြတ်ရေးနှင့် သရေပွဲဖြစ်ရေးကိုသာ ဦးတည်ကစားမည်ဖြစ်ရာ ယခုပွဲ မန်ယူတို့အတွက် သုံးမှတ်ရရန် အိမ်ဖြည့်အနေအထားထက် ပိုမှန်း၍ မရနိုင်ချေ။

မန်ယူ၏တိုက်စစ်သည် ပရီမီယာလိဂ်၌ ခြေအစွာဆုံးဖြစ်နေရာ စီရိုနယ်ဒို၏ တောင်ပံများမှ ထိုးဖောက်တိုက်စစ်ဆင်မှု၊ လာဆင်၏ အဆုံးသတ်မှန်ကန်မှုနှင့် ရွန်နေ၏ အတိုးအလျှပ်ကောင်းကောင်းကြောင့် မန်ယူတို့ ချာလ်တန်ကို ဂိုးပြတ်သွင်းအနိုင်ယူမည်မှာ သေချာနေသည်။

ချယ်လ်ဆီးနှင့် မစ်ဒယ်ဘရော့

မစ်ဒယ်ဘရော့၏ ကစားအားကို ကောင်းကောင်းသိထားသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအတွက် ရင်ခုန်ရမည့်ပွဲပင်ဖြစ်သည်။ မနှစ်က ချယ်လ်ဆီးတို့က ကံကောင်းစွာ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူခဲ့သော်လည်း ယခုပွဲ၌ မော်ရင်ဟို မျှော်လင့်သလိုဖြစ်လာရန် သိပ်တော့မလွယ်ချေ။

မစ်ဒယ်ဘရော့သည် ပွဲစဉ်(၂၆)၌ ယာကူဘူ၏ သွင်းဂိုးဖြင့် အာဆင်နယ်ကို တစ်ဂိုးစီ သရေပွဲဖြစ်အောင် ကစားထားသည်ဖြစ်ရာ အာစင်ဝင်းဂါးကဲ့သို့ မော်ရင်ဟိုလည်း ခံစားသွားရဖွယ်ရှိနေသည်။

ချယ်လ်ဆီးတွင် တိုက်စစ်မှူး ရက်ဗ်ချင်ကို ပုံမှန်ခြေစွမ်း ပြန်ရလာသဖြင့် ဂိုးများသွင်းယူလာနိုင်ခြင်းက မော်ရင်ဟိုအတွက် အားတက်စရာဖြစ်နေရာ အဝေးကွင်း ခြေစွမ်းကျဆင်းတတ်သော မစ်ဒယ်ဘရော့ကို ချယ်လ်ဆီးတို့ အနိုင်ရရန် ရာနှုန်းများသည်။

သို့သော် အချိန်ပိုင်းသာ ကစားနိုင်သေးသော တယ်ရီကြောင့် ချယ်လ်ဆီးခံစစ်ကြောင်းအားနည်းနေသလို နောက်ခံဘယ်အစွန်လူ အက်ရှ်လေကိုးလည်း ဒဏ်ရာရပြီး မကစားနိုင်ရာ မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူ၊ မောရစ်ဆင်နှင့် ဒေါင်းနင်းတို့ကို ဟန့်တားရန် အခက်အခဲတော့ ရှိနေမည်ဖြစ်သည်။

ချယ်လ်ဆီးတို့၏ အားသာချက်မှာ အိမ်ကွင်း၌ နိုင်ပွဲရအောင် ကစားနိုင်ခြင်းဖြစ်ရာ ယခုပွဲ ချယ်လ်ဆီးတို့ ဂိုးမပြတ်သော်လည်း အနိုင်ရမည်သာဖြစ်သည်။

အာဆင်နယ်နှင့် ဝီဂန်

အွန်နရီနှင့် ရိုဆစ်စကီးတို့ကြောင့် ဝီဂန်ကို ဂိုးများသွင်းယူခွင့်ရရှိမည်ဖြစ်ရာ အာဆင်နယ် ဂိုးမည်မျှသွင်းယူနိုင်မည်ကိုသာ ကြည့်ရမည်ဖြစ်သည်။ အာဆင်နယ်တွင် ဗန်ပါစီ ဒဏ်ရာကြောင့်မကစားနိုင်သော်လည်း ဖာဘရီဂတ်၊ ဂီလ်ဘာတိုဆေးလ်ဗားနှင့် ဟက်ဘ်တို့က တိုက်စစ်ကိုအုပ်စုဖွဲ့ ထိုးဖောက်ကစားနိုင်ကြရာ ယခုနှစ် ခြေပျက်နေသော ဝီဂန်တို့ ခြေရည်တူကစားရန်ပင် မလွယ်ချေ။

အာဆင်နယ်သည် အိမ်ကွင်း၌ ရှုံးပွဲ လုံးဝမရှိသေးရာ ဝီဂန်၏ခြေစွမ်းက အာဆင်နယ်၏ အိမ်ကွင်းမှတ်တမ်းကို ချေဖျက်နိုင်မည်မဟုတ်သဖြင့် ယခုပွဲမှာ အာဆင်နယ် နိုင်ပွဲပင်ဖြစ်သည်။ မနှစ်က လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ယခုပွဲ ဂိုးမပြတ်နိုင်ရာ အာဆင်နယ်တို့ ကပ်ပြီးအနိုင်ရနိုင်သည်။ အာစင်ဝင်းဂါး၏ ၄–၅–၁ အခင်းအကျင်းက ယခုပွဲ၌ အသုံးတည့်ပေလိမ့်မည်။

နယူးကာဆယ်နှင့် လီဗာပူး

ခြေငြိမ်လာသော လီဗာပူးတို့ နယူးကာဆယ်ကို အဝေးကွင်း၌ ကစားရမည်ဖြစ်သော်လည်း အနိုင်ရမည်ဖြစ်သည်။ နယူးကာဆယ်သည် လီဗာပူးအတွက် ငယ်နိုင်လိုဖြစ်နေရာ ဂိုးမပြတ်နိုင်သော်လည်း ဘင်နီတက်ဇ် သုံးမှတ်ရမည့်ပွဲ ဖြစ်သည်။

ဘင်နီတက်ဇ်သည် ဂိုးကံကောင်းသော ခရော့ချ်ကို ဆက်တိုက်သုံးဖွယ်ရှိနေပြီး ဘယ်လာမီနှင့် ဒက်ကွတ်တို့ပါ ခြေပေါ်လျှင် နယူးကာဆယ်တို့ ဂိုးများများပေးရဖွယ်ရှိနေသည်။ သို့သော် နယူးကာဆယ်တို့အိမ်ကွင်း၌ စုစုစည်းစည်းကစားနိုင်ပြီး ခြေစွမ်းပြနိုင်ခဲ့လျှင် လီဗာပူးတို့ ပွဲကျပ်ဖြစ်သွားနိုင်သည်။ သို့ရာတွင် ဘင်နီတက်ဇ် ဗျူဟာကြောင့် လီဗာပူးတို့ နိုင်ပွဲရမည့်ပွဲပင်ဖြစ်သည်။ နယူးကာဆယ်နည်းပြ ဂလင်းရိုဒါက ယခုပွဲ၌ မိမိတို့ အနိမ့်ဆုံး သရေရမည်ဆိုထားရာ လက်တွေ့၌ ဖြစ်နိုင် မဖြစ်နိုင် စောင့်ကြည့်ရမည့်ပွဲပင်ဖြစ်သည်။

ဘော်လ်တန်နှင့် ဖူလ်ဟမ်

ဒိုင်အော့ပ်၊ ဒေးဗစ်၊ အနယ်လ်ကာနှင့် စပိဒ်တို့ အုပ်စု အကုန်ကစားနိုင်လျှင် ဖူလ်ဟမ်ကို ဂိုးပြတ်သွင်းနိုင်စွမ်းရှိသည်။ ဘော်လ်တန်၏ အိမ်ကွင်းရလဒ်မှာ အားရဖွယ်ကောင်းအောင် တိုးတက်လာလျက်ရှိရာ ဖူလ်ဟမ်တို့ သရေပွဲပင် မမှန်းနိုင်ချေ။

သုံးသပ်တင်ပြသူ–မောင်ချစ်ကြည်

ဘော်လ်တန်အသင်းသည် ကွင်းလယ်ကစားကွက်ကို အကောင်းဆုံးခင်းကျင်းနိုင်သည့် အသင်းဖြစ်ရာ ဖူလ်ဟမ်မှ မိုက်ကယ်ဘရောင်း၊ ဂျန်ဆင်၊ ဘောဘာတို့ထက် ပိုသာသည်။ ဘော်လ်တန်တို့အတွက် အဖိုးတန် သုံးမှတ်ရမည့်ပွဲမှလွဲပြီး အခြားရလဒ်မဖြစ်နိုင်ချေ။

အဲဗာတန်နှင့် ဘလက်ဘန်း

အဲဗာတန်တို့ မနှစ်က ကံကောင်းစွာဖြင့် ဘလက်ဘန်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဘလက်ဘန်းတွင် နွန်ဒါ၊ မက်ကာသေး၊ ဆာဗေ့ဂျ်နှင့် ပီဒါဆင်တို့က အတွဲညီလျက်ရှိကြရာ ဘလက်ဘန်းအတွက် ရလဒ်ကောင်းအောင် ဖန်တီးပေးနိုင်လျက်ရှိသည်။ အဲဗာတန်နည်းပြ မိုယက်က

ချယ်လ်ဆီးမှ အက်စီယန်။

ဘလက်ဘန်းကို အနိုင်ကစားရန် ဆုံးဖြတ်ထားသည်ဖြစ်ရာ ဒုတိယပိုင်းပွဲချိန်၌ ဂိုးများရအောင် သွင်းယူနိုင်ရန် ဗျူဟာခင်းကျင်းပေလိမ့်မည်။

ဘလက်ဘန်းသည် အထကောင်းပြီး တိုက်စစ်ကို အုပ်စုဖွဲ့ ထိုးဖောက်ကစားနိုင်သော်လည်း အဝေးကွင်း၌ သွင်းဂိုးခြေပျောက်နေတတ်သည့်အဖြစ်ကို မပြောင်းလဲနိုင်လျှင် အဲဗာတန်ကို အရှုံးပေးရဖွယ်ရှိသည်။ ယခုပွဲအိမ်ကွင်း၌ အဲဗာတန်တို့ အနိုင်ရမည့်ပွဲပင်ဖြစ်သည်။

ပို့စ်မောက်နှင့် မန်စီးတီး

ခံစစ်ကိုလုံအောင်ကစားပြီး ကွင်းလယ်မှ တိုက်စစ်စတင်တတ်သော ပို့စ်မောက်ကို မန်စီးတီးတို့ သရေပွဲဖြစ်အောင်ပင် ကြိုးစားကစားရမည့် အနေအထားရှိနေသည်။ ကွင်းလယ်နှင့် တိုက်စစ်တွင် ပို့စ်မောက်က အိုနေးလ်၊ မင်ဒက်၊ အမ်ဝါဂူဝါရီနှင့် လွာလွာတို့က မန်စီးတီးမှ ဂျော်ဒန်၊ စင်ကရဲလား၊ ကော်ရာဒီနှင့် ဗက်ဆဲလ်တို့ထက် ဘောလုံးဟန့်တားဖြတ်တောက်မှုနှင့် ဂိုးရအောင် အခွင့်အရေး ဖန်တီးတတ်မှုတို့က သာနေသည်။

ထို့အပြင် မန်စီးတီးဂိုးသမား နီကီဝေးဗားသည် ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်းလောက် အဝင်အထွက်နှင့် ဆုံးဖြတ်ချက်မကောင်းချေ။ တစ်ဖက်တိုက်စစ်မှူးများ တိုက်စစ်ဆင်လာချိန်တွင် မန်စီးတီးဂိုးသမား ပျာယာခတ်တတ်သည်ဖြစ်ရာ ပို့စ်မောက်တို့ တကယ် တိုက်စစ်ဖွင့်ကစားလျှင် မန်စီးတီးတို့ ဂိုးများပေးရဖွယ်ရှိနေသည်။ ပို့စ်မောက်တို့ သရေပွဲနှင့် နိုင်ပွဲမှလွဲ၍ အခြားရလဒ် မရနိုင်ချေ။

ရက်ဒင်းနှင့် ဗီလာ

ကစားအားကောင်းပြီး ခြေငြိမ်သော ရက်ဒင်းတို့ ဗီလာကို အိမ်ကွင်း၌ ကောင်းကောင်းဧည့်ခံကစားမည်ဖြစ်သည်။ ရက်ဒင်းကစားသမားများသည် နေရာစုံမှ ထိုးဖောက်ကစားတတ်ပြီး နားလည် ချိတ်ဆက်မှုလည်း ရှိကြရာ ဗီလာတို့ ခြေကုန်ထုတ်သော်လည်း သရေရရန်ပင် မလွယ်ချေ။

ရက်ဒင်း၏ ဆွန်ကို၊ မာပါနှင့် လစ်လီတို့က အပေါ် အောက် ဟန်ချက်ညီညီကစားနိုင်ကြသလို စတီဖင်ဟန့် ကလည်း ဂိုးသွင်းခြေစွမ်းရှိသည်။ ထို့အတူ နောက်ခံလူ ဒီလာခရစ်နှင့် မောတေးတို့ကလည်း တိုက်စစ်ကို ပံ့ပိုးနိုင်ကြသူများဖြစ်ရာ ဗီလာတို့ ဂိုးပြတ်အသွင်းမခံရရေးကိုသာ အာရုံစိုက်ရမည်ဖြစ်သည်။

သို့သော် ဗီလာနည်းပြ မာတင်အိုးနေးလ်၏ အခင်းအကျင်းကလည်း ပွဲတိုင်း စိတ်ဝင်စားဖွယ် ကောင်းနေပြန်ရာ ရက်ဒင်းကို မည်သို့တုံ့ပြန်မည်ကို ကြည့်ရမည်ဖြစ်သည်။ ယခုပွဲ ရက်ဒင်းတို့ အနိုင်ရမည်ဖြစ်သော်လည်း ဗီလာတို့ ခံကစားပါက သရေပွဲလည်း ဖြစ်သွားနိုင်သည်။

ရှက်ဖီးနှင့် စပါး

မန်ယူက လေးဂိုးအထိသွင်းယူပြီး ပညာပေးခဲ့သဖြင့် စပါးနည်းပြ မာတင်ဂျိုးကလည်း ကလပ်ဘုတ်အဖွဲ့၏ ဖိအားပေးခြင်းခံရမှုမှ ချေဖျက်ရန် ရှက်ဖီးကို ဂိုးပြတ်သွင်း အနိုင်ယူပြီး သက်သေပြရတော့မည် ဖြစ်သည်။ စပါးကို ရှက်ဖီးတို့ နေရာစုံ၌ မယှဉ်နိုင်ချေ။

သို့သော် အဝေးကွင်း ခြေပျောက်နေတတ်နေသော စပါးတိုက်စစ်မှူးများကို မာတင်ဂျိုး ဗျူဟာ ပြောင်းမကစားနိုင်လျှင် ရှက်ဖီးတို့က မမျှော်လင့်ဘဲ သရေပွဲဖြစ်အောင် ကစားသွားနိုင်ပေသည်။ ရှက်ဖီးတွင် စတိ၊ ဟူလ်ဆေးနှင့် ကွင်းတို့က ခြေပေါ်လျှင် စပါးခံစစ်မှူးများကို ဒုက္ခပေးနိုင်သည်ဖြစ်ရာ ယခုပွဲရလဒ်သည် မာတင်ဂျိုးပေါ်၌ မူတည်နေသည်။ အခင်းအကျင်းကောင်းပါက စပါးတို့ နိုင်ခြေရှိသော်လည်း အဖြစ်နိုင်ဆုံးရလဒ်မှာ သရေပွဲပင်ဖြစ်သည်။

ဝက်စ်ဟမ်းနှင့် ဝက်ဖို့ဒ်

နှစ်သင်းစလုံး တန်းဆင်းဇုန်အတွင်း ရောက်နေရာ ခြေကုန်ထုတ်ကြမည့် ပွဲကောင်းပင်ဖြစ်သည်။ ဝက်စ်ဟမ်း၏ အိမ်ကွင်းကစားမှု နောက်ပိုင်းပွဲများ၌ တိုးတက်လာပြီး အချိတ်အဆက်လည်း မိလာသည်။ ဝက်စ်ဟမ်း တိုက်စစ်မှူးများဖြစ်သည့် ဇာမိုရာနှင့် ဟီရာဝုဒ်တို့ ဂိုးသွင်းခြေမှန်ခဲ့လျှင် ဝက်ဖို့ဒ်အပေါ် အောင်ပွဲခံနိုင်မည်ဖြစ်သည်။ သို့သော် ဝက်ဖို့ဒ်ခံစစ်ကြောင်းမှ ဒီမာတီ၊ စတီဝပ်၊ ချမ်ဘာ့စ်တို့က အဖျက်၊ အဟန့်ကောင်းသည်ဖြစ်ရာ ဝက်စ်ဟမ်း တိုက်စစ်မှူးများ မပါးနပ်ပါက ဂိုးရဖွယ်မမြင်ချေ။ ကစားအားနှင့် အသင်းလိုက်စုစည်းမှုမှာ ဝက်စ်ဟမ်းတို့က သာလွန်နေရာ ဝက်စ်ဟမ်းတို့ နိုင်ပွဲပင်ဖြစ်ပေလိမ့်မည်။ ။

(မြန်မာ့အလင်း)



အာဆင်နယ်မှ ရိုဆစ်စကီး။

The Live News ဂျာနယ် အမှတ်(၂၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်စဉ်(၂၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ပင်လုံမြေက လွတ်လပ်ရေးကျောက်တိုင်နှင့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်၊ GSM ဖုန်းများတွင် မြန်မာစာဖြင့် စာပို့စနစ် My SMစတင်အသုံးပြုနိုင်ပြီ၊ ရေကြောင်း အရာရှိလောင်းသင်တန်းများ ဖွင့်လှစ်မည်၊ ချစ်သူများအတွက် ပန်းပွင့်များ၏အရေအတွက် သင်္ကေတ၊ စတီရီယိုလောကအတွင်း မူပိုင်ခွင့်အကြောင်းကို ကောင်းစွာသိရှိနားလည်ထားရန် လိုအပ်၊ အာဆီယံခရီးသွားတို့ ကြီးထွားကျယ်ပြန့်လာစေမည့် အာဆီယံခရီးသွားဖိုရမ်၊ ဥရောပ၌ အမေရိကန် ဒုံးခွင်းဒုံးစနစ်ချထားမည့် အစီအစဉ်ကို ရုရှားသမ္မတ ပူတင်က ပြစ်တင်ဝေဖန်၊ နှစ်ပတ်အတွင်း ရဟတ်ယာဉ် လေးစင်းပျက်ကျ၊ အီရတ်ရှိ အမေရိကန်တပ်များအထိနာ၊ စီအိုင်အေ အေးဂျင့် ၁၃ ဦးကို ဂျာမနီက ပြန်ပေးဆွဲမှုဖြင့် တရားစွဲ၊ အာသံပြည်နယ်တွင် ကွန်ဂရက်ပါတီ ခေါင်းဆောင်တစ်ဦး လုပ်ကြံခံရ၊ လူဘေးကြောင့် ပူနွေးလာမည့်ကမ္ဘာ၊ နှစ်တစ်ရာကျော်က သရက်ဂေါက်ကွင်းနှင့် ဂျင်နရယ်ပရင်ဒါဂတ်၊ တက္ကစီမင်းနှင့် စိတ္တဇ အမှုးသမား၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) လေ့လာရေးခရီး

ရန်ကုန် ဖေဖော်ဝါရီ ၈

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်များ၏ လေ့လာရေးခရီးအဖြစ် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) သွားရောက်မည်ဖြစ်ပြီး မိတ်ဆုံစားပွဲ၌ ကြံခင်းသူများ၏ ကြံခင်းထမင်းသုပ်ဖြင့် ဧည့်ခံမည်ဖြစ်သည်။

မိတ်ဆုံစားပွဲ လက်မှတ်ဝယ်ယူထားသော အသင်းဝင်များ၊ ကျောင်းသားကျောင်းသူများသည် ဗိုလ်အောင်ကျော်လမ်း နယူးရောဟိုတယ်မှ လေ့လာရေးမော်တော်ယာဉ်ထွက်မည်ဖြစ်၍ ယင်းနေ့နံနက် ၈ နာရီအရောက် လာရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဟန်ဝင်း အင်ဂျင်နီယာချုပ် (အော်တိုတယ်လီဖုန်း)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း-ဒေါ်မာလာ တို့၏ သားကြီး

ဒေါက်တာသီဟန်မင်းရှိန်

M.B.,B.S (Ygn)

Physiology Department ဆေးတက္ကသိုလ်(၁) ရန်ကုန်

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာဦးဝင်းမြင့် Director(Shwe Ba Ho Medical Centre)-
သီရိသုဓမ္မသီဂီ ဒေါ်ခင်ဝါဝါ Director [Asia Express (Ygn) Co., Ltd.]
တို့၏ တစ်ဦးတည်းသော သမီး

မယုဇနဝင်း

B.E (Civil), M.E(Civil) {Q}

တို့၏ ၃-၂-၂၀၀၇ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ ၂၈-၁-၂၀၀၇ ရက်တွင် Traders Hotel (Myanmar Ballroom)၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးခဲ့သော တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှအရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၏ဇနီးများ၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်းအားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော အဆိုတော် ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော အေဝမ်းစိုးမြင့် တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မင်္ဂလာပန်းများ ဖြန့်ခင်းပေးသော မမြတ်ကေခိုင်နှင့်မသီရိသိင်္ဂီဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော ပွင့်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မထက်ရည်မွန်လင်း၊ သတို့သားအရံ ဒေါက်တာထွဋ်ပိုင်ဝင်းနှင့် မြတ်ဇော်လင်းရှိန်၊ သတို့သမီးအရံ မစောကလျာကြည်နှင့် မဝင်းဝင်းမိုး၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော ကိုပြည်စိုးအောင်၊ မိတ်ကပ် ဆံပင်အလှ ဆင်ပေးသော မခင်စန်းဝင်း၊ ပန်းအလှပြင် ကိုခင်မောင်ဝင်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Sedona Hotel, Traders Hotel တို့မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာသီဟန်မင်းရှိန်-မယုဇနဝင်း။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့်ပုံနှိပ်လုပ်ငန်းသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

(1) Newsprint Paper (48.8 Gsm) (30")
(2) Woodfree Paper (70 Gsm)
23 1/2" x 33" (A1 Sizes) (Sheet)
(3) Web Offset Ink (Black)
(4) Sheetfed Offset Ink (Black)
(5) Plates
(6) Cooting A+B Set
(7) P.S Negative Developer
(8) Developing Lacquer
(9) Ortho Film (Roll) (24" x 200')
(10) Ortho Film (Sheet) (22" x 32")
(11) Film Developer (10 lit/Bot)
(12) Film Fixer (5 lit/Bot)
(13) A3 Toner HP Laser jet 5000 N
(14) Rubber Blanket (Roll)
28 m x 1075 mm x 1.95 mm
(15) Rubber Blanket With T-Bar
890 x 625 x 1.95 mm
(16) Stencil Paper (100 Sht/Box)
(17) Duplicating Ink Tube
(18) Gum Arabic
(19) Rubber Blanket (Sheet)
(20) Imagesetter Film, Developer, Fixer
(21) Dampening Roller Sheet
(22) Sponge

၂။ တင်ဒါပေးသွင်းမှုကို ၁၉-၂-၂၀၀၇ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၇၆၈၅။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

(1) Newsprint Paper (48.8 Gsm)
28 1/4", 30", 40"
(2) Woodfree Paper (70/80 Gsm)
(30", 31" x 42", 23 1/2 x 33")
(3) Art Card (အထူ) (260/275 Gsm)
(31" x 43") (Sheet)
(4) Art Paper (အပါး) (105 110 Gsm)
(31" x 43") (Sheet)
(5) Sheetfed Offset Ink
(Black, Green)
(6) Ortho Film 22" x 32"(50 sht/pkt)
(7) Negative Plates
(a) 915 x 626 x 0.3 mm
(b) 1035 x 740 x 0.3 mm
(c) 889 x 609 x 0.3 mm
(d) Developer (ပုံဖော်ဆေး)
(8) Positive Plates
740 x 615 x 0.3 mm
(9) Stitching Wire
(23 Guage, 24 Guage)
(10) Gold Embossing Powder
(11) Silver Embossing Powder
(12) Gum Arabic (20 Lit/Bot)
(13) Riso Ink (Black)
(14) Riso Master Roll

၂။ တင်ဒါပေးသွင်းမှုကို ၁၉-၂-၂၀၀၇ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၇၆၈၅။



ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် အောက်ဖော်ပြပါ ဖိုင်ဘာလှေများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	အလျား ၁၂ မီတာ X အနံ ၃မီတာဖိုင်ဘာလှေ	၂စင်း

၂။ ချိပ်ပိတ်တင်ဒါများကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ၁၄-၂-၂၀၀၇ရက်ထက် နောက်မကျဘဲ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၉-၂-၂၀၀၇ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အမှတ်၉၀၊ ကံဘဲ့လမ်း၊
ရန်ကင်း၊ ရန်ကုန်မြို့
ဖုန်း-၅၇၈၄၇၀၊ ၅၆၄၇၅၉။

အထက(၆)အလုံ မြတ်ဆရာပူဇော်ပွဲ

၁၂-၂-၂၀၀၇ (တနင်္လာနေ့) ပြည်ထောင်စုနေ့ နံနက် ၉ နာရီတွင် စည်ကားစွာကျင်းပမည့် အာစရိယပူဇော်ပွဲနှင့်ကျောင်းသားဟောင်းများ တွေ့ဆုံပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

မိဘအမည်မှန်

ဒဂုံတက္ကသိုလ်၊တတိယနှစ်၊ ဥပဒေ (အဝေးသင်)တွင် ပညာသင်ကြားနေသော မခင်စုစုလှိုင်၏ မိဘအမည်မှန်မှာ ဦးမြင့်ဇော်-ဒေါ်နိုင်နိုင်မွန် ဖြစ်ပါသည်။

ဦးမြင့်ဇော်
၁၂/ဒလန(နိုင်)၀၀၁၆၉၂
ဒေါ်နိုင်နိုင်မွန်
၁၂/ဒလန(နိုင်)၀၄၇၆၉၁။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်(တနင်္လာနေ့)သည် ပြည်ထောင်စုနေ့ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၁၀၉၄ နီဆန်းဆန်နီ/ဆလွန်း (၄ X ၂) ယာဉ်လက်ဝယ်ရှိသူအမည် ဦးစံမြင့် မှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်) ၀၂၆၈၄၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်မြို့)။

မလိခူး အသင့်စား ငါးထမင်း

ဗန်းမော် ငါးမုန့်တီ

Shat Jam

တိရစ္ဆာန်ဥယျာဉ်(၁၀၁)နှစ်မြောက်မွေးနေ့ ပျော်ပွဲရွှင်ပွဲအတွင်း ဆိုင်အမှတ်(၁၈)တွင် ဖွင့်လှစ်ထားပါသည်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ကချင်ရွာ)တွင်လည်း ၁၂-၂-၂၀၀၇ (ပြည်ထောင်စုနေ့)တွင်လည်း ဖွင့်လှစ်ပါမည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၁-၂-၂၀၀၇)ရက်နေ့
နှင့်
(၂၅-၂-၂၀၀၇)ရက်နေ့

အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

အထက(၅) ဗိုလ်တထောင် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၁ခုနှစ် အောင် ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁၂ရက်(စနေနေ့)နံနက်၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ကန်တော့ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့်အသေး စိတ်သိရှိလိုပါက ပွင့်ဖြူဝင်း ဖုန်း-၅၄၈၂၇၉၊ ချိုကြည်ကြည်ဇင် ဖုန်း-၀၉-၅၁-၄၀၈၁၈၊ ဝင်းနောင်ဦး ဖုန်း-၂၉၄၄၅၉၊ နေမျိုးဦး ဖုန်း-၂၉၈၈၈၉၊တင်ထက်အောင် ဖုန်း-၀၉-၉၀-၅၀၆၅၇၊ အောင်သူခိုင် ဖုန်း-၀၉-၅၁-၂၀၃၈၉၊ အေးငြိမ်းသော် ဖုန်း-၀၉-၉၉-၇၁၉၁၃နှင့် သက်နောင်ထွန်း ဖုန်း-၀၉-၈၀-၂၂၀၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို သထုံမြို့ သုဝဏ္ဏခန်းမ၌ ဇန်နဝါရီ၂၉ရက် နံနက် ၈နာရီခွဲက ကျင်းပရာ သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မြင့်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့် ရည်ရွယ်ချက်များ ရှင်းလင်းပြီး သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးက ပြိုင်ပွဲအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် ပထမဆု မနီနီတာ (အလက၊ ပန်းတိမ်ရိုး)၊ ဒုတိယဆု မောင်ထွန်းထွန်းလင်း (အထက-၂၊ သထုံ)နှင့် တတိယဆု မောင်ရဲဝင်းအောင် (အလက-၁၊ သထုံ) တို့မှ အသီးသီး ရရှိသွားကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ဥယျာဉ်လမ်း အမှတ်(၉၁) နေ ဦး ညီ ညီ ထွန့်-ဒေါ်ဆွေဆွေတင်၊ သမီး မယုယထွန့်တင်၊ မဆုမြတ်ထွန့်တင် မိသားစုက ဦးညီညီထွန့်-ဒေါ်ဆွေဆွေတင် (၁၀) နှစ် ပြည့် မင်္ဂလာအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စည်းကမ်းရှိရှိ သတ်မှတ်နေရာ အမှိုက်စွန့်ပစ်

ညောင်ရွှေ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးသည် ဇန်နဝါရီ ၄ရက်က မြို့မဈေးအတွင်း ဈေးဆိုင်ခန်းများ စနစ်တကျရောင်းချရေး၊ အမှိုက်သရိုက်များ စည်းကမ်းရှိရှိ သတ်မှတ်ထားသောနေရာတွင် အမှိုက်စုပုံ စွန့်ပစ်ရေး၊ ဈေးသည်များ အလေးတင်းတောင်းများ မှန်ကန်စွာ ချိန်တွယ်ရောင်းချရေးတို့ကို အဖွဲ့ဝန်ထမ်းများနှင့် အတူ ကွင်းဆင်းဆောင်ရွက်ကြသည်။(၀၂၇)

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ ဆုတောင်းပြည့် မိုယ်းကောင်းစေတီကို ဇန်နဝါရီ ၁၁ ရက်က ရွှေထီးတော်မတင်မီ ဖူးမြော်ရစဉ်။ (စာပေနှင့်စာနယ်ဇင်း)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ကျေးလက်တိုင်းရင်းသူများနှင့် တွေ့ဆုံဆွေးနွေး ဆေးဝါးနှင့် အဝတ်အထည်များ ထောက်ပံ့

ဆီဆိုင် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းမျိုးအောင်သည် ဇန်နဝါရီ ၇ရက်က တောင်ကြီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အမှုဆောင်များ၊ ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များလိုက်ပါလျက် ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ထန်ဆိုင်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဝေးလံခေါင်းပါးသော တောင်ပေါ်ဒေသခံ ကျေးလက်တိုင်းရင်းသူများနှင့် တွေ့ဆုံခဲ့ကြသည်။

အဆိုပါအဖွဲ့သည် အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှု စကားဝိုင်းဖွဲ့ ဆွေးနွေးခြင်းနှင့် ဆေးဝါးကုသပေးမှု လုပ်ငန်းများကို တစ်နေ့တာ ဆောင်ရွက်ပေးခဲ့ကြပြီး ကျေးလက်ဒေသခံ တိုင်းရင်းသူများအတွက် လိုအပ်သည့်ဆေးဝါးများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။ (၀၄၈)

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက မော်လမြိုင်မြို့ အထက(၈)မှ ခြောက်ဘာသာဂုဏ်ထူးရှင် မယဉ်မူမူမြင့်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၁၆၈)

ပန်းတနော် ရွှေမြင်တင်စေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ပန်းတနော် ဇန်နဝါရီ ၂၀

ပန်းတနော်မြို့နယ်လုံးဆိုင်ရာ သမိုင်းဝင်ရွှေမြင်တင်စေတီတော် ဗုဒ္ဓပူဇနီယ ပွဲတော်ကို ဂေါပကအဖွဲ့ကကြီးမှူး၍ ဓမ္မသဘင်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ဗီဒီယို၊ ဇာတ်သဘင်များဖြင့် တပေါင်းလဆန်း ၉ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၉ရက် နံနက်တွင် စေတီတော်သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူ၍ ပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပပြီး စေတီတော်ကြီးကို အနေကဇာတင် ပူဇော်ကြမည်ဖြစ်ရာ လပြည့်နေ့ နံနက်တွင်ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) က စတုဒိသာ ထမင်းကျွေးမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် လှူဒါန်းမှုအစုစုတို့ကို ရေစက်ချတရားတော်နာယူ၍ ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်းအပါး ၂၀၀တို့ကို ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၄၆-၃၀၁၆၁၊ အတွင်းရေးမှူး ဦးကံရင် ဖုန်း-၀၄၆-၃၀၄၄၈ နှင့် ဘဏ္ဍာရေးမှူး ဦးမင်းညွန့် ဖုန်း-၀၄၆-၃၀၁၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၂၇)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကောင်းမြို့ အောင်ဇေယျလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်း တက်ရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းယုမြို့ ရေပေးရေး ရေစက်ရုံစစ်ဆေး

မိုင်းယု ဇန်နဝါရီ ၂၅

မိုင်းယုမြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ထားပြီးဖြစ်သော မြို့ရေပေးရေးအတွက် ဆောက်လုပ်ထားသော ရေစက်ရုံကို ဇန်နဝါရီ ၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြို့ရေပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မကျီးချောက်ကျေးရွာ ဆွမ်းတော်ခံတံတား တည်ဆောက် စုပေါင်းမြေဖို့ လုပ်အားဒါနပြု အလှူငွေပေးအပ်

မိတ္ထီလာ ဇန်နဝါရီ ၂၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ဇော်ချမ်းကုန်းကျေးရွာအုပ်စု မကျီးချောက်ကျေးရွာရှိ ဆွမ်းတော်ခံတံတား တည်ဆောက်သည့်နေရာ၌ စုပေါင်းမြေဖို့လုပ်အား ဒါနပြုပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက ကျင်းပသည်။

ဆွမ်းတော်ခံ တံတားအတွက် မကျီးချောက်ကျေးရွာရှိ ဦးကျော်လှိုင်-ဒေါ်လှမြေးတို့က အလှူငွေကျပ်တစ်ဆယ့်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဦးက လက်ခံယူသည်။

ပြီးစီး

အဆိုပါတံတားသည် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် မျှော်မှန်း၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ် သိန်းတစ်ရာကျော်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ယခု ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ခရိုင်အတွင်းရေးမှူးနှင့်အဖွဲ့သည် ကျေးရွာသူ ကျေးရွာသားများ၏ တံတားအတွက် လုပ်အားဒါနပြုနေသောနေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော အငူကျေးရွာ ရေကန်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်နှင့် အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပေါက်ခေါင်း ဖေဖော်ဝါရီ ၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဆိုင်အမှတ် (၀၉၆၇)တွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၃ရက်က အဆိုပါဆိုင်၌ ကျင်းပသည်။

ပြသ

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဆိုင်အမှတ် (၀၉၆၇)ဆိုင်တာဝန်ခံ ဦးသောင်းရှိန်၊ မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ တပ်စုမှူး ရဲထွေးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြရာ မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံက မီးသတ်ဆေးဘူး အသုံးပြုမှု အဆင့်ဆင့်ကို ရှင်းလင်းပြသကြောင်း သိရသည်။

(အောက်ပုံ)(က-ပ)

မီး
အစဉ်သတိပြု

မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်ရှိပြီး ဘာသာပေါင်းစုံချစ်ကြည်ရေးအား တန်ဖိုးထားလေးစား မည်သည့်ဘာသာရေးကိုးကွယ်မှုကိုမျှ ချုပ်ချယ်ခြင်း၊ ဟန့်တားကန့်ကွက်ပိတ်ပင်နှောင့်ယှက်ခြင်း အလျှင်းမရှိ ကိုးကွယ်ရာဘာသာအလိုက် နေ့ရက်များ၊ အခမ်းအနားများ၊ ပွဲတော်များကိုလည်း ကျင်းပခွင့်ပြုထား

ကမ္ဘာ့ခရစ်ယာန်များစည်းလုံးညီညွတ်ရေးအဖွဲ့(CSW)၏အစီရင်ခံစာပါ အချက်များသည် လုပ်ကြံပုတ်ခတ်စွပ်စွဲမှုများသာဖြစ် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသည့် အင်အားကြီးနိုင်ငံအချို့၏ပယောဂဖြင့်

နိုင်ငံရေးအမြတ်ထုတ် အသုံးချရန် လုပ်ဆောင်လာခြင်းဖြစ်၍ လုံးဝလက်မခံဘဲပယ်ချ ဘာသာရေးဟူသည် အလွန်သိမ်မွေ့နူးညံ့ပြီး မေတ္တာတရားကိုအခြေခံထားသဖြင့် နိုင်ငံရေးအရောင်မဆိုးကြရန်တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြစွပ်စွဲချက်များကို မဟုတ်မမှန် လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။

အမေရိကန်အစိုးရက ၎င်းတို့နှစ်စဉ်ထုတ်ပြန်သည့် ဘာသာရေးလွတ်လပ်ခွင့်မရှိသော နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံကို အမြဲထည့်သွင်းပြီး မဟုတ်မမှန်လုပ်ကြံစွပ်စွဲလျက်ရှိသကဲ့သို့ ၎င်း၏လက်ဝေခံအဖွဲ့အစည်းများ၊ လက်ပါးစေပုဆိန်ရိုးများကိုလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဘာသာရေးဆိုင်ရာ သတင်းအချက်အလက်အမှားများကို လုပ်ကြံဖန်တီး ပေးပို့ထုတ်လွှင့်စေလျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့(Christian Solidarity Worldwide -CSW) ကလည်း ၂၃-၁-၂၀၀၇ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘာသာဟူသမျှကို လွတ်လပ်စွာ အတူတကွယုဉ်တွဲကိုးကွယ်နိုင်သည့် ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြသော မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များက အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာနှင့်ပတ်သက်၍ ၎င်းတို့၏သဘောထားကြေညာချက်များကို အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၉ - ၂ - ၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို



❒ အမျိုးသားညီလာခံကြီးမှ ချမှတ်ပေးသော အခြေခံမူများဖြင့် အခြေခံဥပဒေသစ်ကြီးရေးဆွဲကာ ပြည်သူ့ဆန္ဒခံယူအတည်ပြုပြီး ပြည်သူ့ကိုယ်စားပြု နိုင်ငံ့ခေါင်းဆောင် အကြီးအကဲ အစိုးရအဖွဲ့တို့ ဖွဲ့စည်းလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အပြီးတိုင် တည်ဆောက်အကောင်အထည်ဖော်သွားကြမည်ဖြစ်၊ ဤသည်မှာ ပြည်ထောင်စုသားအားလုံး၏ဆန္ဒ၊ လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုသားတို့ ကိုယ်တိုင် လုံ့လဥဿာဟပြုမှု၏ ရလဒ်များပင်ဖြစ်။

တက္ကသိုလ်မြတ်သူ၏ ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း လန်းဆန်းမွှေးကြိုင်သည့် ပြည်ထောင်စုဥယျာဉ်ကြီးဆောင်းပါး (စာ-၆ နှင့် ၇)

❒ ဒို့တိုင်းဌာနီ မြန်မာပြည် — မြင်းမူမောင်နိုင်မိုး၏ ကဗျာ (စာ–၇)

❒ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား — ရဲမင်းထက်၏ ကာတွန်း (စာ–၇)